# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်နေ့ ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၂၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား

## တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးပင်ဖြစ်

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## ယနေ့ *ဖတ် စ ရာ*


**၂၀၂၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်** ပြည်တွင်းသတင်း စာ ၆



**စာပေအသက် ဘဝတစ်သက်** ဆောင်းပါး စာ ၁၀



## အပူဒဏ်အန္တရာယ် စုပေါင်းအားဖြင့်ကာကွယ်

မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးတို့တွင် နေ့အပူချိန်များ မြင့်တက်လျက်ရှိခြင်းကြောင့် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ကို အများပြည်သူ သတိပြုကာကွယ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက မီဒီယာများမှတစ်ဆင့် နှိုးဆော်သတိပေးလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူချိန်ပြင်းထန်မှုကြောင့် လူသေဆုံးမှုများရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဒေသအများအပြားတွင် အပူချိန် ၄၂ ဒီဂရီဆဲလ်စီးယပ်အထိရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားရာ မြန်မာနိုင်ငံတွင် ယင်းထက်အပူချိန်ပိုမိုမြင့်မားနေခြင်းဖြစ်သည့်အလျောက် အပူဒဏ်အန္တရာယ်ကာကွယ်ရေး ဂရုပြုဆောင်ရွက်ကြရန် လိုသည်။

မေ ၂၀ ရက် ထူးခြားသည့်နေ့အပူချိန်များအဖြစ် ချောက်မြို့တွင် ၄၇ ဒီဂရီဆဲလ်စီးယပ်နှင့် မုံရွာ၊ တံတားဦးတို့တွင် ၄၄ ဒီဂရီဆဲလ်စီးယပ်စီ၊ မင်းကင်း၊ စစ်ကိုင်း၊ ရေဦး၊ မြင်းမူ၊ မြင်းခြံ၊ မင်းဘူးတို့တွင် ၄၃ ဒီဂရီဆဲလ်စီးယပ်စီ ရှိခဲ့ရာ အပူချိန်များ တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေသည်ကို သတိပြု၍ ရေရှည်တွင် အပူဒဏ်မှ လျော့ပါးသက်သာရေး ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ မိုး/ဇလ၏ ထုတ်ပြန်ချက်များအရ ၂၀၂၂ ခုနှစ်တွင် အမြင့်ဆုံးအပူချိန် ၄၃ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးအပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့သည်။ အပူချိန်ပြင်းထန်လာခြင်းက လူတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်စေသည့်အတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးမှုများကို လူတိုင်းသိထားရန် လိုအပ်သကဲ့သို့ အပူဒဏ်ကို ပို၍ခံစားရနိုင်သည့် အသက် (၄) နှစ်အောက်ကလေးငယ်များ၊ အသက် (၆၅) နှစ်အထက် အသက်ကြီးပိုင်းများ၊ အဝလွန်သူများနှင့် သွေးတိုး၊ နှလုံးရောဂါခံစားနေရသူများ၊ အရက်သောက်နေသူများ အပူအန္တရာယ်မှ ကာကွယ်ရန် သတိပြုကြရမည်ဖြစ်သည်။

အပူဒဏ်ကာကွယ်ရေးအတွက် နေ့လယ် နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသည့် နေရာများတွင် နားနေရန်၊ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းကိုရှောင်ရန်၊ အဖြူရောင် သို့မဟုတ် အရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ရန်၊ အရက်သေစာသောက်စားမှုကို ရှောင်ကြဉ်ရန်၊ ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးရန်၊ မိတ်နှင့်ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်းနှင့် သနပ်ခါးလိမ်းခြင်းတို့ပြုလုပ်ရန်၊ နေပူမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရန်၊ နေပူပြင်းချိန်တွင် လွင်တီးခေါင်မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်ရန် ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားသည်။

အပူဒဏ်အန္တရာယ် ခံစားရသော လူနာကိုတွေ့ရှိပါက အရေးပေါ်ရှေးဦးပြုစုခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုသည်။ လူနာကို အရိပ်ရအေးမြသည့်နေရာ၊ ပန်ကာ/အဲယားကွန်းရှိသည့်နေရာသို့ ရွှေ့ပေးရန်နှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရန်၊ ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်နေစဉ်၊ ဆရာဝန်နှင့်ပြသရန် စောင့်ဆိုင်းနေစဉ်အချိန်အတွင်း လူနာ၏ခြေရင်းဘက်ကို မြှင့်ထားပေးပြီး ပက်လက်အနေအထားဖြင့်ထားရန်၊ လူနာ၏ အဝတ်အစားများကို ချွတ်ပေးရန်၊ လူနာကောင်းစွာ သတိရနေပါက ရေအေးအေးတိုက်ရန်၊ လူနာ၏ ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးရန်၊ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေအေးအေး သို့မဟုတ် ရေခဲရေစိမ်ထားသော အဝတ်များဖြင့် ရေဖတ်အုပ်ပေးရန်၊ လူနာကို ပန်ကာရှိပါက ပန်ကာဖြင့် လေမှုတ်ပေးရန်၊ သို့မဟုတ် ယပ်ခတ်ပေးရန်ဟူသော အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူကြရမည်ဖြစ်သည်။

အပူဒဏ်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး နှစ်စဉ်ကြုံတွေ့လာနိုင်သည့် အလားအလာလည်းရှိနေရာ အပူဒဏ်အန္တရာယ်ကာကွယ်ရေးကို လူတိုင်းသိထားရန်လိုသည်။ သဘာဝဘေးအန္တရာယ်ကို ကျရောက်မလာစေရန် တားဆီး၍မရသော်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းဖြင့် ရင်ဆိုင်ကျော်လွှားနိုင်သည်။ သဘာဝပတ်ဝန်းကျင်များ မပျက်စီးအောင် ပြုစုစောင့်ရှောက်ခြင်း၊ ရေတွင်း၊ ရေကန်၊ မြစ်ချောင်း အင်းအိုင်များနှင့် ရေအရင်းအမြစ်များ မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်ပင် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်အောင် စိုက်ပျိုးခြင်းတို့ကို ဒေသနေပြည်သူလူထု၏အားကို ရယူဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် အပူဒဏ်အန္တရာယ် လျော့ပါးသက်သာစေရေး အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် **(အခမဲ့)** ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## သားကောင်း လူရည်ချွန်

❖ ဗလ ငါးတန်
ပြည့်စေရန်
ရည်သန် ဆန္ဒမွန်။

❖ ပညာ ပြည့်ဝ
နှလုံးလှ
အာဂ လူ့တံခွန်။

❖ တိုင်းပြည် လူမျိုး
ဘုံအကျိုး
ဆတိုး ထမ်းကျေပွန်။

❖ မြင့်မြတ် မြန်မာ
တည်ဖို့ရာ
ညီညာ ဒို့တာဝန်။

❖ လူတော် လူကောင်း
အားသစ်လောင်း
သားကောင်း လူရည်ချွန် ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(နိုင်ငံ့သားကောင်း လူရည်ချွန်မောင်မယ်များသို့ ဂုဏ်ပြုလျက်)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂.၅.၂၀၂၄ ရက်နေ့မှ ၇.၆.၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊
  အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ - ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ် - ၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




❍ **တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်**

❍ **စားရေရိက္ခာပေါများရေးအနေဖြင့် နိုင်ငံတော်တွင် လူတစ်ဦးချင်းစီသည် အခြေခံဝင်ငွေဖြင့်ပင် စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်ခြင်းပင်ဖြစ်**

❍ **ထို့ကြောင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး၊ စားသောက်ကုန်များနှင့် အခြေခံလူသုံးကုန်ပစ္စည်းများ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြစ်စေရေးနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုးများခိုင်မာစေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကို ပြည်သူပြည်သားများအားလုံးပါဝင်၍ စည်ကားသိုက်မြိုက်စွာဖြင့် ဆင်နွှဲနိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ အားလုံးပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လာမည့် အတာနှစ်သစ်ကူးအခါသမယများတွင်လည်း ယခုကဲ့သို့ တိုင်းသူပြည်သားများအားလုံး စိတ်နှလုံးပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူးအခါသမယမှစ၍ နှစ်သစ်တွင် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုးထမ်း ဆောင်ရွက်သွားနိုင်ရေး ဆုမွန်ကောင်းတောင်းပါကြောင်း။

### အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်ရန်လို

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ စားရေရိက္ခာပေါများရေးအနေဖြင့် နိုင်ငံတော်တွင် လူတစ်ဦးချင်းစီသည် အခြေခံဝင်ငွေဖြင့်ပင် စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး၊ စားသောက်ကုန်များနှင့် အခြေခံလူသုံးကုန်ပစ္စည်းများ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြစ်စေရေးနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုးများခိုင်မာစေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့စီးပွားရေး တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် မြေခံရေခံကောင်းများနှင့် လူသားအရင်းအမြစ်များ ရှိပြီးဖြစ်ကြောင်း၊ သို့သော် စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကျော်လွှားနိုင်မည်ဆိုပါက ကုန်သွယ်မှုများကောင်းမွန်လာပြီး နိုင်ငံ့စီးပွား ပိုမိုတိုးတက်ကာ ငွေကြေးတန်ဖိုးများလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုက်သင့်သည့် ငွေကြေးတန်ဖိုးတွင် တည်ငြိမ်နေရန်လိုကြောင်း။

တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များ ပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ကုန်နှင့် လူသုံးကုန်များကိုဒေသအသီးသီး၌ပြည့်စုံလုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်၊ စပါး အဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ရှေးယခင်က နိုင်ငံအတွင်း၌ပင် ဆန်၊ စပါးများ ရှားပါးသည်အထိ ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ စာရင်းဇယားများအရ ၁၉၆၂–၁၉၆၃ ခုနှစ်တွင် စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၃၁ တင်းသာဖြစ်ပြီး ၁၉၆၇– ၁၉၆၈ ခုနှစ်၌ ၂၈ ဒသမ ၃ တင်းအထိဖြစ်ခဲ့ဖူးကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဒေသတွင်း၌ ရာသီဥတု ဖောက်ပြန်ဆိုးရွားမှုများကြောင့် စပါးအထွက်နှုန်းများကျဆင်းပြီး ဆန်စပါးများ ရှားပါးခဲ့ရခြင်းပြီး ဒေသတွင်းရှိနိုင်ငံများတွင်လည်း အလားတူဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ခြင်းများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် စပါးအထွက်နှုန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံအတွင်း၌ စားရေရိက္ခာဖူလုံမှုရှိစေရေး အမြဲဆောင်ရွက်နေရန်လိုကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ၏ စိုက်ပျိုးစွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ဝင်ငွေကိုလည်း တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

> “ယခုအခါ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ခြင်းမပြုနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်မှုများဖြင့် လျှော့ချနိုင်၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်အခြေအနေအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက် ”

### ဆီထွက်သီးနှံများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လို

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့ တင်ပို့နေခြင်းများလည်း ရှိကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးနှင့် အချက်အလက်များ မှန်ကန်စွာရယူနိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက် (၄) ချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ ရေလုံလောက်စွာ ရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိအချိန်သည် စိုက်ပျိုးရေးလုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပငွေသုံးစွဲမှု များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဝါဂွမ်းများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အချို့ကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး အချို့ကို ပြည်တွင်း၌ သုံးစွဲနေသည်ကိုတွေ့ရကြောင်း၊ အလားတူ ပြည်ပမှ ချည်နှင့် ပိတ်များကိုလည်း ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အဆင့်မီသည့် ဝါဂွမ်းများ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ ချည်နှင့်ပိတ်များ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လာမည့်မိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းမှု ရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ယခုကတည်းက ဆောင်ရွက်ထားရှိရန်လိုကြောင်း။

### သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လို

ယခုအခါ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ခြင်းမပြုနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့်

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

- ဇွန်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပဓိရုပ်များ ကောင်းမွန်စေရေးနှင့် ပရိဘောဂများ ပြည့်စုံကောင်းမွန်စေရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးထားရန်လို
- အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှောင့်နှေးခဲ့ရသည့် ဒေသအချို့တွင်လည်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထား

သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်မှုများဖြင့် လျှော့ချနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်အခြေအနေအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကိုအထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင် သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း။

### အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို

ဇွန်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပဓိရုပ်များ ကောင်းမွန်စေရေးနှင့် ပရိဘောဂများ ပြည့်စုံကောင်းမွန်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှောင့်နှေးခဲ့ရသည့် ဒေသအချို့တွင်လည်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများကို ပညာရည်အဆင့်များအလိုက် ထိုက်သင့်သည့်ဘွဲ့များပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ကျောင်းများ ပြန်လည်ကောင်းမွန်စေရေးနှင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းများအားလုံးဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး လုံလုံခြုံခြုံဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ တစ်ဆက်တည်းတွင် စာကြည့်တိုက်များနှင့် ပတ်သက်၍လည်း စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်မှုရှိစေရေး၊ စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိနိုင်ရေး၊ ကျေးလက်နေပြည်သူများ အသိပညာတိုးပွားနိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုပေးနိုင်သည့် စာအုပ်စာပေများထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အများပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် စာပေကုသိုလ်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကောက်ရိုးမီးကဲ့သို့ မဟုတ်ဘဲ ရေရှည်အတွက်ကြည့်၍ စီမံဆောင်ရွက်ကြစေလိုကြောင်း။

### အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

အားကစားနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လှုပ်ရှားမှုအားနည်းချက်များ ရှိနေဆဲဖြစ်သည်ကို တွေ့မြင်နေရကြောင်း၊ ယှဉ်ပြိုင်မှုရှိမှသာ တိုးတက်မှုရှိမည်ဖြစ်သဖြင့် အားကစားသမားများ စဉ်ဆက်မပြတ် ယှဉ်ပြိုင်နိုင်ရေး အားကစားပွဲများကို ဒေသအလိုက် ကျင်းပပေးနေရန်လိုကြောင်း၊ ထိုသို့ကျင်းပပေးခြင်းအားဖြင့် စုစည်းညီညွတ်သည့်၊ အဖွဲ့အစည်းနှင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်တတ်သည့် စိတ်ဓာတ်များနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် ကျန်းမာကြံ့ခိုင်သည့် ရုပ်သွင်ပြင်လက္ခဏာရှိရန်လိုသကဲ့သို့ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ရန်လိုကြောင်း၊ နိုင်ငံ၏အားကစား အဆင့်အတန်းကို မဖြစ်မနေမြှင့်တင်ပေးရန် လိုအပ်သည့်အတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါစေ့ဆီကြိတ်စက်နှင့် ဝါကြိတ်စက်များ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုနှင့် ဝါသီးနှံမှ တစ်ဆင့် စားသုံးဆီနှင့် အရည်အသွေးမီချည်မျှင်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပသို့ အလုပ်သမားများ စေလွှတ်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်းရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် စာအုပ်စာစောင်များကို ဦးစားပေးအနေဖြင့် လှူဒါန်းကြစေလိုကြောင်း၊ အားကစားနှင့်ပတ်သက်၍လည်း အပျော်တမ်းအဆင့်မှစ၍ Professional အဆင့်သို့သွားရခြင်းဖြစ်သဖြင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြများ၏ အရည်အချင်းများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် အားကစားအသင်းများ စတင်ဖွဲ့စည်းစဉ်ကပင် စနစ်တကျဖြင့် လေ့ကျင့်ပေးရန်လိုကြောင်း ပြောကြားသည်။

### လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့်တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်း၍ အလေးထားဆောင်ရွက်ပေးကြစေလို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လေကြောင်းလူငယ်နှင့် ရေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိဖြင့် အသုံးချနိုင်ရေး မိဘများနှင့် တာဝန်ရှိသူများအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ် ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ပညာသင်ကြားရာတွင် အခြေခံမှစ၍ သိရှိနားလည်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်း၍ အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေး ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီ အဆင့်မြင့်အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**ပဲခူး ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ် နွေရာသီ အဆင့်မြင့် အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က နွေရာသီ အဆင့်မြင့်အားကစားသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်းသည် နိုင်ငံအတွက်၊ မြန်မာ့အားကစားလောကအတွက် အကျိုးထူးများ မလွဲမသွေရရှိနိုင်မည်ဖြစ်သောကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့၏ ရင်သွေးငယ်များကို နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လူတော်လူကောင်းများဖြစ်လာစေရန် အားကစားသင်တန်းများကို တက်ရောက်သင်ကြားနိုင်ရေး အားပေးပံ့ပိုးပေးသွားရန် လိုကြောင်း သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့သိုင်း၊ ကရာတေးဒို၊ Fitness Dance အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများက သရုပ်ပြသကြပြီး သရုပ်ပြအားကစားအဖွဲ့များအား တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်နှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်တို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးအဆင့် နွေရာသီ အခြေခံအားကစားနည်းသင်တန်းကို မတ် ၁ ရက်မှ ၃၁ရက်အထိ အားကစားနည်း ၁၀ မျိုးဖြင့် အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုထပ်မံ၍ ပဲခူးတိုင်းဒေသကြီး နွေရာသီ အဆင့်မြင့်အားကစားသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၂၁ ရက်အထိ အားကစားနည်း ရှစ်မျိုး ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အားကစားနည်းအလိုက် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

---

## သီပေါသီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များ အခမဲ့ကုသပေးမည်

**သီပေါ ဧပြီ ၂၂**

ကမ္ဘာ့သာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်ထံမှ သြဝါဒခံယူလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယကနှင့် သီတဂူ(သီပေါ) စက္ခုဒါနဆေးရုံကြီး၏ ကွပ်ကဲမှု တာဝန်ခံဆရာတော် ဘဒ္ဒန္တပညာသီရိ ကြီးကြပ်မှုဖြင့် (၅၃) ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းများကို မေ ၆ ရက်မှ ၈ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ရာ ဝေဒနာရှင်များအနေဖြင့် မေ ၁ ရက်မှစကာ စာရင်းပေးသွင်းနိုင်ကြောင်း သီတဂူမျက်စိကုသရေးဆေးရုံ တာဝန်ခံဆရာတော်က မိန့်ကြားသည်။

ထို့ပြင် ရပ်နီးရပ်ဝေးမှ လာရောက်ကုသသော ဝေဒနာရှင်များအား ဆရာတော်အရှင်ပညာသီရိက ခရီးစရိတ်နှင့် ထမင်းဟင်းလျာ လှူဒါန်းထောက်ပံ့လျက်ရှိသဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သီတဂူစက္ခုဒါနဆေးရုံ ဖုန်း ၀၉-၅၂၇၈၁၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၃၃ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၂ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရာဇဝတ်အထူးအယူခံမှု (၃) မှုနှင့် တရားမအထူးအယူခံမှု (၇)မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၇) မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၉/၂၀၂၃ (စစ်ကိုင်း)၊ ၁၀/၂၀၂၃(စစ်ကိုင်း) နှင့် ၁၂/၂၀၂၃ (ကချင်)၊ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၃ (ကရင်)၊ ၄၄/၂၀၂၃ (ရှမ်း)၊ ၁/၂၀၂၄ (မန္တလေး)၊ ၁၉/၂၀၂၂(ရောဝတီ)၊ ၅၂/ ၂၀၂၃ (ကချင်)၊ ၃/၂၀၂၄(မန္တလေး) နှင့် ၄/၂၀၂၄(မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၃) မှုနှင့် တရားမအထူးအယူခံမှု (၇) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၄၅/၂၀၂၃(ရန်ကုန်)၊ ၄၆/၂၀၂၃ (မန္တလေး)၊ ၄၇/၂၀၂၃ (မန္တလေး)၊ ၄၈/၂၀၂၃(မန္တလေး)၊ ၄၉/၂၀၂၃ (ရှမ်း)၊ ၇/၂၀၂၄ (ရန်ကုန်) နှင့် ၁၀/၂၀၂၄ (ဧရာဝတီ)၊ စုစုပေါင်းတရားမအထူးအယူခံမှု (၇) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၁၇) ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပဲခူး မေ ၂၂

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ မေ ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၁၇) ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအား သွားရောက်ကြည့်ရှုအားပေးသည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတ အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (ယာပုံ)

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့် ပတ်သက်၍ အရည်အသွေးပြည့်ဝသောကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင် အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီပါဝင်မှုဖြင့် လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ် ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး၌ စုစုပေါင်း အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိ

ပွင့်ဖြူ မေ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနသည် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရေးအတွက် ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးနိုင်ရန် အရိပ်ရပျိုးပင်ပေါင်း တစ်သိန်းကျော်ကို မြို့မပျိုးဥယျာဉ်ခြံ၌ ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။



မိုးရာသီတွင် မြို့နယ်အတွင်း စိုက်ပျိုးရန် လူထုဖြန့်အနေဖြင့် ကျွန်း၊ မဲဇလီ၊ ရေတမာ၊ သစ်စိမ့်၊ ကုက္ကို၊ တမာ၊ စိန်ပန်းကြီး၊ မြင်ဝါး၊ ဆီး၊ ယူကလစ်၊ ရှား၊ ခရေ စသည့် အရိပ်ရပျိုးပင် ၄၀၀၀၀ နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်စိုက်ပျိုးမည့် ရွှေစက်တော်ဘေးမဲ့တောရှိ မြေဧက ၇၂၇ ဧက၌ ယူကလစ်ပင် ၉၄၅၁၀၊ ကျွန်းပင် ၇၂၇၀၊ လျှော်ဖြူပင် ၇၂၇၀၊ စုစုပေါင်း အရိပ်ရပျိုးပင် ၁၄၉၀၅၀ ကို မြို့နယ်သစ်တောဦးစီးဌာနရုံး မြို့မပျိုးဥယျာဉ်ခြံ၌ ပြုစုပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း တာဝန်ခံတောအုပ် ဦးအောင်ကျော်မိုးထံမှ သိရသည်။

မြို့နယ် သစ်တောဦးစီးဌာန အနေဖြင့် ရာသီဥတုပြောင်းလဲမှု ဂေဟာစနစ်များ မျှတကောင်းမွန်စေရန်၊ ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးသည့် သဘာဝတောများ ပြန်လည်ကောင်းမွန်စေရန် ရည်ရွယ်၍ ယူကလစ်၊ ကျွန်း၊ ကံ့ကော်၊ ရှား၊ တမာ၊ ဝါး၊ မဲဇလီ၊ ကုက္ကို၊ ရေတမာ၊ ခရေ၊ ပိန္နဲ၊ ကဗွီး၊ မန်ကျည်းရှား စသည့် အရိပ်ရပျိုးပင်များကို ပြုစုပျိုးထောင်၍ စိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသ စိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝဘေးကြောင့် ပျက်စီးသည့် သစ်တောသစ်ပင်များ ကောင်းမွန်ရေးအတွက် ရေဝေရေလဲစိုက်ခင်းများ စိုက်ပျိုးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဒိုက်ဦးအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစောင့်ရှောက်

ဒိုက်ဦး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား ဖြစ်နိုင်သမျှ အကြားအလပ်မရှိ စစ်ဆေးကာကွယ်ကုသပေးလျက်ရှိရာ မေ ၂၂ ရက် နံနက်ပိုင်းက ဒိုက်ဦးအကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းပြုလုပ်ပေးသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာမိုးမိုးအေးက အမှာစကားပြောကြားပြီး ဒိုက်ဦးအကျဉ်းထောင်ဆေးရုံအုပ် ဒေါက်တာသိုက်ထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဆုမွန်က ဒိုက်ဦးအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အကျဉ်းသူများအား ကွင်းဆင်းကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုပြုလုပ်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ခုခံကျ/ကာလသား ရောဂါ တိုက်ဖျက်ရေးဌာနနှင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတို့မှ ဆရာဝန်၊ သူနာပြုများက ဒိုက်ဦးအကျဉ်းထောင်ရှိ ထောင်ဝန်ထမ်းများနှင့် အကျဉ်းသား အကျဉ်းသူများအား တီဘီရောဂါ လက္ခဏာများမေးမြန်း၍ တီဘီရောဂါ ရှိ/မရှိ စစ်ဆေးခြင်း၊ တီဘီရောဂါ ရှိပါက နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ အကျဉ်းသား အကျဉ်းသူများအား HIV နှင့် ဆစ်ဖလစ်ရောဂါပိုးရှိ/မရှိ စစ်ဆေးပေးခြင်းနှင့် တီဘီရောဂါရှိသည့် လူနာများကို တီဘီဆေးဝါးများ တိုက်ကျွေးခြင်းတို့ကို ပြုလုပ်ပေးရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဒိုက်ဦးအကျဉ်းထောင်အတွင်းရှိ ထောင်ဝန်ထမ်းများနှင့် အကျဉ်းသား အကျဉ်းသူများကို မေ ၂၂ ရက်မှ၂၄ ရက်အထိ ကျန်းမာရေး စစ်ဆေးစောင့်ရှောက်မှုပေးမည် ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ၂၀၂၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

နေပြည်တော် မေ ၂၂

**ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ တစ်ချိန်တည်း စတင်ဖွင့်လှစ်ကြသည်။**

**ရေကြောင်းကဏ္ဍအရေးပါ**

ပင်လယ်ရေကြောင်း ပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်းလူငယ်များသိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက် အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄)နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)တို့ကို သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၁၈ ဦးတို့ဖြင့် ဖွင့်လှစ်ကြပြီး အဆိုပါ သင်တန်းဖွင့်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်စခန်း ဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ ရေကြောင်းလူငယ် သင်တန်းများ ဖွင့်လှစ်ပြီး ရန်ကုန်မြို့ အင်းယား ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် လက်တွေ့လိုက်ပါစီးနင်းပြီး ရန်ကုန်မြစ်တွင်းလေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်းနှင့် ရေတပ် Documentary ပြသခြင်းကိုလည်းကောင်း၊ အခြားမြို့နယ်အသီးသီးတွင် ဖွင့်လှစ်ခဲ့သော ရေကြောင်းလူငယ်စခန်းများမှ သင်တန်းသား သင်တန်းသူများအား ဒေသန္တရဗဟုသုတဆိုင်ရာ လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခြင်းဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူများအားသင်တန်းနောက်ဆုံးပတ်၌ ရန်ကုန်မြို့တွင်စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ အထင်ကရနေရာများ၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ လေ့လာရေးနှင့် စစ်ရေယာဉ်များဖြင့် ပင်လယ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**စုပေါင်းဆောင်ရွက်မှုရရှိစေရန်**

အလားတူ လေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာကို ပြုစုပျိုးထောင်မြှင့်တင်ပေးရန် မျိုးဆက်သစ် လူငယ်မောင်မယ်များ ယုံကြည်ချက်၊ ခံယူချက် မြင့်မားစေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၁၇ ခု၌ ကျင်းပသည်။

နေပြည်တော် သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄)တို့၏ သင်တန်းစတင်ဖွင့်လှစ်သည့်နေ့ဖြစ်ကြောင်း၊ လေကြောင်းလူငယ်သင်တန်းများကို ၁၉၅၄ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းကို လေကြောင်းကင်းထောက်သင်တန်း၊ လူငယ်(လေကြောင်း) သင်တန်း၊ လေကြောင်းမျိုးဆက်သစ် သင်တန်း၊ လေကြောင်းရဲညွှန့်လောင်း သင်တန်း၊ လေကြောင်းလူငယ် သင်တန်းဟု အဆင့်ဆင့် အမည်ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး

*စာမျက်နှာ ၇ သို့*





ရေကြောင်း၊ လေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

*စာမျက်နှာ ၆ မှ*

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အထိ အခြေခံအဆင့် သင်တန်းသား ၆၉၂၄ ဦးနှင့် တန်းမြင့်သင်တန်းသား ၅၃၁ ဦး၊ စုစုပေါင်း သင်တန်းသား ၇၄၅၅ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကြယ်ပွင့်များဖြစ်သည့် မျိုးဆက်သစ်မောင်မယ်များကို ယခုလို နွေရာသီကျောင်းပိတ်ရက်တွင် တန်ဖိုးရှိလှသည့် လေကြောင်းဆိုင်ရာ ပညာရပ်များကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ သင်ထောက်ကူ ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တာဝန်ရှိသူများ လေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**သင်တန်းဖွင့်ပွဲများကျင်းပ**

အလားတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် မိတ္ထီလာမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နှင့် နမ့်စန်မြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ မင်္ဂလာဒုံမြို့နှင့် ကိုကိုးကျွန်းမြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မွန်ပြည်နယ်မော်လမြိုင်မြို့တို့ရှိ သင်တန်းစခန်းများတွင်လည်း သင်တန်းဖွင့်ပွဲအခမ်းအနားများကို တစ်ပြိုင်နက်ကျင်းပခဲ့ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးများ၊ လေတပ်စခန်း ဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။

**ဘာသာရပ်များ ပို့ချသွားမည်**

ယခုဖွင့်လှစ်သည့်အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို နေပြည်တော်သင်တန်းစခန်း အပါအဝင် သင်တန်းစခန်း ၁၅ ခုတွင် သင်တန်းသား ၇၅၀ ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ RC Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်မဲ့)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့်ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄)ကို သင်တန်းစခန်းနှစ်ခုတွင် သင်တန်းသား ၁၀၀ ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ၊ Airfield Procedure ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းကို မေ ၁၇ ရက်အထိလည်းကောင်း၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းတို့ကို မေ ၂၄ ရက်အထိလည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လေ့လှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်**

❖ **အခြေခံလေကြောင်းသင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ RC Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်မဲ့)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့်ဘာသာရပ်များကို ပို့ချသွားမည်**

❖ **တန်းမြင့် လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ၊ Airfield Procedure ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့်ဘာသာရပ်များကို ပို့ချသွားမည်**

## တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၂၂**

ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချ ဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ မြန်မာ့သိုင်းသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်းများစသဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တနိုင်းတပ်နယ်ခန်းမ၌ လည်းကောင်း အသီးသီးဖွင့်လှစ်ရာ သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။**

# နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်တို့တွင် လယ်ယာသန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှု စတင်



နေပြည်တော် ဧပြီ ၂၂

**လယ်ယာသန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှုစတင်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာရင်းကောက်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးကြမည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**

### ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သွားမည်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံများ၏ ၁၀ နှစ်တစ်ကြိမ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများတွင်မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ကမ္ဘာ့လယ်ယာသန်းခေါင်စာရင်း လမ်းညွှန်ချက် (World Census of Agriculture Guidelines) များနှင့်အညီ FAO ၏ နည်းပညာအကူအညီဖြင့် ၁၉၅၃၊ ၁၉၉၃၊ ၂၀၀၃ နှင့် ၂၀၁၀ တို့တွင် တာဝန်ယူအကောင်အထည်ဖော်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်ခဲ့သည့် World Census of Agriculture 2020 Round ကို နိုင်ငံပေါင်း ၂၀၈ နိုင်ငံ ပါဝင်ခွင့်ရခဲ့ပြီး ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ယခု ဧပြီအထိ ၁၀၇ နိုင်ငံသာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ဆောင်ရွက်ဆဲ ၂၇ နိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် ၇၄ နိုင်ငံက ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း၊ တစ်နိုင်ငံလုံး၌ မဆောင်ရွက်မီ စမ်းသပ်ကောက်ယူခြင်းကို နိုင်ငံတကာ၏ကျွမ်းကျင်မှုဆိုင်ရာ အကူအညီမပါဘဲ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)၏ ပဏာမဆန်းစစ်ခြင်း ခံယူပြီးဖြစ်သည့် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော မေးခွန်းလွှာသုံးစုံဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု စမ်းသပ်ကောက်ယူမည့် လယ်ယာသန်းခေါင်စာရင်းစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ စားနပ်ရိက္ခာနှင့် လယ်ယာကဏ္ဍဖွဲ့စည်းတည်ဆောက်ပုံ (Structure) ကို ဖော်ပြသည့် အချက်အလက်များရရှိစေရန်၊ အဆိုပါအချက်အလက်များဖြင့် စီမံကိန်းရေးဆွဲသူများနှင့် မူဝါဒချမှတ်သူများအတွက် စာရင်းအင်းအချက်အလက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဆိုရာတွင် မွေးမြူရေးကဏ္ဍသည် အလိုအလျောက်ပါဝင်ခဲ့ပြီး အဆိုပါကဏ္ဍကြီး တစ်ခုလုံးတွင် ပါဝင်လုပ်ကိုင်နေကြသော တောင်သူလယ်သမားအိမ်ထောင်စုဝင်များ၏ လူမှုစီးပွားအချက်အလက်များ၊ ထုတ်လုပ်မှုဆိုင်ရာစာရင်းအင်းအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသော စာရင်းများကိုလည်း တစ်ပါတည်းရယူတွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

### အလေးထားဆောင်ရွက်ရန်

စာရင်းကောက်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့်ကျောင်းသား ကျောင်းသူများ၊ စာရင်းကောက်ဝန်ထမ်းများကို မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ တိုးတက်မှု၊ ဆုတ်ယုတ်မှုအပေါ် ခန့်မှန်းတွက်ချက်ရမည့် အခြေခံအချက်အလက်များ မှန်ကန်စွာရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် လွန်စွာအရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်၍ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပညာသင်ယူဆဲကာလတွင် ယခုကဲ့သို့ လယ်ယာကဏ္ဍအတွက် အရေးပါသည့် စာရင်းအင်းကောက်ယူပြုစုခွင့်အတွေ့အကြုံကို မိမိတို့ဘဝတစ်သက်တာ ဖြတ်သန်းဆောင်ရွက်ကြရမည့် လုပ်ငန်းခွင်များတွင် မလွဲမသွေ ထည့်သွင်းအသုံးချနိုင်ကြမည်ဖြစ်၍ ယခုလုပ်ငန်းစဉ်အပေါ် ကြိုးကြိုးစားစားဖြင့် စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

### စီမံကိန်း၏ အဓိကရည်ရွယ်ချက်

ဆက်လက်၍ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး စမ်းသပ်ကောက်ယူမှုသမိုင်း၊ စမ်းသပ်ကောက်ယူမည့် လယ်ယာသန်းခေါင်စာရင်း စီမံကိန်း၏ အဓိကရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ စာရင်းကောက်ဝန်ထမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ပျဉ်းမနားစိုက်ပျိုးရေး သိပ္ပံကျောင်းတို့မှ ကျောင်းသား ကျောင်းသူများပါဝင်သော အဖွဲ့များသည် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စမ်းသပ်ကောက်ယူမည့် သတ်မှတ်ဒေသများသို့ စတင်ထွက်ခွာကြသည်။ **(အပေါ်ပုံ)**

### ကွင်းဆင်းကောက်ယူသွားမည်

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ် ၂၆၇ ခုမှ ကျေးရွာ ၄၃၀၄၆ ရွာတွင် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပထမအဆင့် စမ်းသပ်ကောက်ယူခြင်းကို တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များမှ ကျေးရွာ ၂၃၂ ရွာရှိ အိမ်ထောင်စု ၄၆၄၀၀ ထံ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ရာ ပထမအသုတ်အနေဖြင့် ဥတ္တရသီရိမြို့နယ် ကျေးရွာ ၅၇ ရွာမှ အိမ်ထောင်စု ၁၁၄၀၀ ကို ကျေးရွာအုပ်စုဆိုင်ရာ မေးခွန်း ၆၄ ချက်၊ ပင်မလယ်ယာသန်းခေါင်စာရင်း မေးခွန်း ၁၇ ချက်၊ နောက်ဆက်တွဲ လယ်ယာသန်းခေါင်စာရင်းမေးခွန်းလွှာ ၁၅၂ ချက်ကို မေးမြန်းကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်းခံရသော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဧပြီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်းခံရသော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်းခံရသော အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

### ချီးမြှင့်ထိုက်သူများကိုချီးမြှင့်ပေး

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စိတ်ရောကိုယ်ပါ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ပေးရန်အတွက် ရာထူးတိုးမြှင့်ပေးခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### တတ်စွမ်းသရွေ့ကြိုးပမ်း

မိမိတို့ရာထူးနှင့် ထိုက်တန်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည့်အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုများ လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်သည့်အလျောက် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ ရှိမည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်ချက်၊ စိန်ခေါ်မှုများ ရှိသည့်အတွက် တတ်စွမ်းသရွေ့ ကြိုးပမ်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လိုအပ်ချက်များကို နိုင်ငံ့သားကောင်းပီသစွာဖြင့် မိမိတို့၏ တစ်နိုင်တစ်ပိုင် စွမ်းအားဖြင့် ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

### အပြည့်အဝဖြည့်ဆည်းပေး

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် အရည်အသွေး ပြည့်မီစေရန်အတွက် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ဆေးသုတေသန၊ တိုင်းရင်းဆေးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးစသည့် လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ထမ်းများအတွက် စိတ်ချမ်းသာမှု ရှိစေရန်နှင့် လုပ်ငန်းခွင် သာယာစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်များကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က အပြည့်အဝ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင် စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးကို ခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများ ရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့် ပြည်သူကို ကောင်းစေလိုသည်ဆိုပါက စဉ်းစားဆင်ခြင် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ယခုရာထူးတိုးမြှင့်ခံရသူများ အပါအဝင် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်ဆံနေရသည့် အဓိကကျသူများဖြစ်သောကြောင့် တိုင်းပြည်နှင့်ပြည်သူအတွက် အကောင်းဆုံးကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း။

### ကိုယ်ချင်းစာတရားထားရှိ

မိမိတို့ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်သည့် ပြည်သူအားလုံး သက်တမ်းစေ့အသက်ရှည်စွာနေထိုင်ပြီး ရောဂါဘယများ ကင်းရှင်းစေရန်အတွက် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာစွမ်းအား၊ ကြုံတွေ့ခဲ့ရသော လုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ မိမိတို့ကာကွယ်စောင့်ရှောက်ပေးရသည့် လူနာများအပေါ် ကိုယ်ချင်းစာတရားထားရှိပြီး မေတ္တာစေတနာအပြည့်ဖြင့် အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုများကို ထိထိရောက်ရောက် ပေးအပ်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### ရာထူးတိုးမြှင့်ခန့်အပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး **(ဝဲပုံ)**၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်းခံရသော အရာထမ်း၊ အမှုထမ်းများကို ရာထူးတိုးမြှင့်ခန့်အပ်လွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယခု အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးမှ အရာထမ်း ၁၆၀၊ အမှုထမ်း ၄၇ ဦး စုစုပေါင်း ၂၀၇ ဦးကို ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲတက်ရောက်ဖွင့်လှစ်

**ထားဝယ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသား/အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ ဖူဆယ်အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲသည် မေ ၂၂ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီး ကိုယ်စားပြုလက်ရွေးစင်ကစားသမားများ ရွေးထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းအသင်း အောင်မြင်မှုရရှိရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားသမားများပါ အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားကြရန် တိုင်းဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။(ယာပုံ)

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ အမျိုးသမီး ထားဝယ်အသင်းနှင့် တနင်္သာရီမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ



က ကြည့်ရှုအားပေးရာ တနင်္သာရီမြို့နယ်အသင်း အနိုင်ရရှိသည်။

ပြိုင်ပွဲတွင် အမျိုးသား ရှစ်သင်း၊ အမျိုးသမီး ငါးသင်းဖြင့် မေ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ပေါင် မေ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များသက်သာသောဈေးနှုန်းတို့ဖြင့်



ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် တာဝန်ရှိသူတို့ ပူးပေါင်းကာ သက်သာသော ဈေးနှုန်းဖြင့် ပဲ၊ အာလူး၊ ဆီ စသည့်အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းတို့ကို ပံ့ပိုးပေးကြသည်။

အဆိုပါ ဆောင်ရွက်မှုကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများ၏ ရိုင်းစိုင်းယုတ်မာမှုများကြောင့် အသက်ပေးခဲ့ရသော အပြစ်မဲ့ရဟန်းရှင်လူပြည်သူများ"** ခေါင်းစဉ်ဖြင့် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများရဲ့ သတ်ဖြတ်ခြင်းခံခဲ့ရတဲ့ မြဝတီက အပြစ်မဲ့စစ်ဘေးရှောင်မိသားစု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဗိဿနိုးမြို့ဟောင်းကြီး၏ တိမ်မြုပ်ပျောက်ကွယ်နေသော အနောက်ဘက်မြို့ရိုးကို ပြန်လည်တွေ့ရှိရန် နီးကပ်နေ

**ရန်ကုန် မေ ၂၂**

ဗိဿနိုးမြို့ဟောင်းကြီး၏ တိမ်မြုပ်ပျောက်ကွယ်နေသော အနောက်ဘက်မြို့ရိုးကို ပြန်လည်ရှာဖွေတွေ့ရှိရန် နီးကပ်နေပြီဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက အသိပေးထားသည်။

ဗိဿနိုး မြို့ဟောင်းကြီးကို အကြိမ်ကြိမ် တူးဖော်သုတေသနပြုခဲ့ကြရာတွင် ယခင်က တူးဖော်စဉ် ရန်ပယ်ချောင်းဟောင်း၏ ကမ်းပါးနံရံနေရာ၌ အုတ်အထပ်ဆယ်လွှားခန့်ပါရှိသော အုတ်ရိုးတန်းတစ်ခုကို တွေ့ခဲ့သော်လည်း ဆရာကြီး ဦးအောင်သော် ရေးခဲ့သော ကုန်းတစ်ခုချင်းအလိုက် အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းရေးသားထားသည့် Excavations at Beikthano စာအုပ်တွင် မဖော်ပြခဲ့ကြောင်း ၎င်း၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

"ဗိဿနိုးမြို့ဟောင်းကြီးကို ၁၉၉၃ ခုနှစ်ဝန်းကျင်မှာ တူးဖော်သုတေသနပြုခြင်းတွေ ရပ်တန့်နေခဲ့ရာမှ ပြန်လည်တူးဖော်သုတေသနပြုခဲ့ကြပြန်ပါတယ်။ အဲဒီအခါမှာတော့ ဟိုးယခင်ကကဲ့သို့ ကုန်းအမှတ်များ သတ်မှတ်သည့်နေရာမှာ ကုက္ကိုခွ KKG ကို အသုံးမပြုတော့ဘဲ မြို့ဟောင်းကြီး၏ နာမည် အတိုကောက် BTO လို့သာ စတင်သတ်မှတ်ပြီး ကုန်းအမှတ် BTO 1 ကနေ ပြန်လည်တူးဖော်ခဲ့ကြပါတယ်။ ဗိဿနိုးမြို့ဟောင်းကြီး၏ တူးဖော်သုတေသနသမိုင်းတစ်လျှောက် ၆၉ ကုန်းပြီးစီးခဲ့သည့် နေရာမှာ ၂၀၀၃ ခုနှစ် ကုန်းပြုခဲ့ရပါတယ်"ဟု ဦးကျော်မျိုးဝင်းက ရေးသားထားသည်။

ထိုသို့ အကြိမ်ကြိမ် တူးဖော်သုတေသနပြုမှုအတွင်း ၎င်းအနေဖြင့် GIS (Geographic Information System) စနစ်ဖြင့် ချဉ်းကပ်လေ့လာမှုများကိုလည်း ဆောင်ရွက်ခဲ့ကာ အချက်အလက်များ ညှိနှိုင်းရယူပြီး



ဗိဿနိုးမြို့ဟောင်းတူးဖော်မှု၏ တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

အမှတ် BTO 11 ကနေ BTO 21 အထိ တူးဖော်သုတေသနပြုခဲ့မှုအတွင်း ကျွန်တော့်အနေနှင့် BTO 15နှင့် BTO 19 ကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်အတွင်း BTO 35 ကနေ BTO 38 အထိကိုလည်းကောင်း ကုန်း ၆ ကုန်းကို တာဝန်ယူပြီး ဦးဆောင်၍ တူးဖော်သုတေသန အနောက်ဘက်မြို့ရိုး ရှိနိုင်ခြေ အလားအလာ တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း တူးဖော်မှုအဖွဲ့အတွင်း ပါဝင်သည့် လူငယ်များကို GIS၊ RS၊ GPS နည်းပညာများ သင်ကြားပေးခြင်း စသည်များကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ ယခုအခါမှာတော့ ဗိဿနိုးမြို့ဟောင်းကြီး၏ ပျောက်ကွယ်နေခဲ့သည့် အနောက်ဘက် မြို့ရိုးကြီးကို ပြန်လည်ရှာတွေ့ဖို့ရာ နီးကပ်နေပြီဖြစ်ပါတယ်။ ယခင် မိမိနဲ့အတူ တူးဖော်သုတေသနပြုခဲ့ကြသည့် မျိုးဆက်သစ်များက ဆက်လက်ရှာဖွေနေကြပေပြီ။ ဗိဿနိုးမြို့ဟောင်း၏ အနောက်ဘက်မြို့ရိုးဖြစ်နိုင်ခြေ တစ်လျှောက် စမ်းသပ်ကျင်းပေါင်း ၅ နေရာ တူးဖော်ခဲ့တဲ့နေရာ ၄ နေရာ မြို့ရိုးကြီးရှိခဲ့ကြောင်း ခိုင်မာသည့် သက်သေအထောက်အထားများလည်းရရှိထားပါပြီ" ဟု ၎င်း၏ ရေးသားချက်အရ သိရသည်။

ထို့အပြင် ဗိဿနိုးမြို့ကြီး၏ တောင်ဘက်မြို့ရိုး၌ ဝင်ပေါက်ဂိတ်တံခါး ရှိခဲ့ကြောင်းလည်း ဖော်ထုတ်နိုင်ခဲ့ကာ ဗိဿနိုးမြို့ဟောင်းကြီး၏ ယခုလက်ရှိ တည်ရှိနေသည့် အင်းကြီးထက် အဆပေါင်းများစွာ ကြီးမားသော အင်းကြီးတစ်ခု ဗိဿနိုးမြို့ဟောင်းကြီး၏ အနောက်ဘက်မှာ ရှိခဲ့ကြောင်းလည်း နည်းပညာအသစ်များက ဖော်ထုတ်ပေးနေကြောင်း ဦးကျော်မျိုးဝင်းက ပြောသည်။



ဗိဿနိုးမြို့ဟောင်းတူးဖော်မှု၏ တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။



ဗိဿနိုးမြို့ဟောင်းတူးဖော်မှု၏ တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

**MT**

# စာပေအသက် ဘဝတစ်သက်

“ကိုအောင်ရေ… ပြီးခဲ့တဲ့ ဧပြီလ ၁၀ ရက်နေ့က ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာအုပ်စာစောင်တွေနဲ့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကတော့ တိုင်းပြည်အတွက် အကျိုးအရှိဆုံးနဲ့ အကောင်းဆုံးလုပ်ဆောင်ချက်လို့ ငါတော့ခံစားမိတယ်ကွာ။ ငါ့တစ်သက်နဲ့တစ်ကိုယ် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ဦးစီးပြီး ဒီလိုဆောင်ရွက်တာမျိုး တစ်ခါမှမတွေ့ဖူး၊ မကြုံဖူးဘူး။ အဲနောက်ပြီး နိုင်ငံတော်ထဲမှာရှိတဲ့ ဒို့နိုင်ငံသားတွေ ပညာရေးနဲ့ ပတ်သက်ပြီး ဘယ်လောက်အားနည်းနေတယ်ဆိုတာကို ထောက်ပြတာကလည်း အတော်လေးမှတ်သားစရာကောင်းတယ်ကွာ”

**မောင်အောင်**

ကျွန်တော်ရုံးကအပြန် အဝတ်အစားလဲပြီး ညေ့ခန်းထဲဝင်၍ ထိုင်ချိန်တွင် ကျွန်တော့်အစ်ကိုကြီးက စကားစ၍ ပြောလိုက်ခြင်းဖြစ်သည်။ အစ်ကိုကြီးက အသက် ၈၀ ပြည့်ပြီးဖြစ်သော်လည်း သတင်းစာဖတ်သည်၊ မြန်မာ့ရုပ်မြင်သံကြားသတင်း ကြည့်သည်၊ ၁၀ တန်းမအောင်ခဲ့သော်လည်း ၁၀ တန်းအထိ နေခဲ့ဖူးသည်။ သို့ဖြစ်၍ နိုင်ငံ့အရေး၊ ပြည်သူ့အရေး စိတ်ဝင်စားသည်။ စာပေဝါသနာပါသူမို့ စာပေနှင့်ပတ်သက်လျှင်လည်း ဆွေးနွေးတတ်သည်။




### ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိ

“ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျွန်တော်တို့လည်း ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေလို့ ထဲထဲဝင်ဝင် မလေ့လာဖြစ်ဘူး။ အခု နိုင်ငံတော်ဝန်ကြီးချုပ်ပြောမှ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ငါးနှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး အဲဒီလူဦးရေမှာ ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကာ အသက် ၂၅ နှစ်နဲ့အထက် ၂၅ ဒသမ ၁၆၉ သန်းမှာ အတန်းပညာလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း(ကိုးသိန်းကျော်)ရှိတယ်ဆိုတာ သိရပါတယ်”

“ဒါတင် ဘယ်ကမလဲကွ။ မူလတန်းနဲ့ မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း( ၁၂ ဒသမ ၈၃ သန်း)ရှိတဲ့အကြောင်းနဲ့ အလယ်တန်းအဆင့်ရှိသူ ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း(၅ ဒသမ ၄၆)သန်း၊ အထက်တန်းအဆင့်ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်း၊ ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း (၂ ဒသမ ၆၈ သန်း)သာရှိတဲ့အကြောင်း၊ ကျောင်းသားအများစုက မူလတန်းပြီးဆုံးချိန်မှာ ကျောင်းထွက်သွားကြတဲ့အတွက် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်တဲ့အကြောင်း ပြောသွားသေးတယ်လေကွာ”

အစ်ကိုကြီးက ကျွန်တော်ပြောနေသည်ကို အားမရ၍ ကြားဖြတ်ဝင်၍ ပြောလိုက်ခြင်းဖြစ်သည်။

“အေး… ပြီးတော့ ဒို့နိုင်ငံမှာ လူများစု ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသတွေမှာနေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သစ်ဝါးလုပ်ငန်း၊ ရေလုပ်ငန်းတွေပဲ လုပ်ကိုင်နေကြတယ်။ ဒီတော့ ပညာအခြေခံကနည်း၊ တစ်ဖက်ကလည်း ပညာရပ်ဆိုင်ရာ စာအုပ်၊ စာတမ်းတွေက ဒို့ကျေးလက်နေလူတန်းစားတွေ ဖတ်ရှုဖို့က လက်လှမ်းမမီ။ ဒီကြားထဲ စာအုပ်စာတမ်းတွေက ဈေးကြီးတော့ ဒို့ကျေးလက်နေလူတန်းစားတွေ၊ ဒို့တောင်သူတွေရဲ့ဘဝ ဘယ်လိုလုပ်တိုးတက်မှာလဲ၊ ဘယ်လိုလုပ်ကြီးပွားချမ်းသာမှာလဲ။ မင်းပဲပြောဖူးတယ်လေ။ ပညာတတ်တဲ့လူ စိုက်ပျိုး၊ မွေးမြူရေးလုပ်တာနဲ့ ပညာမတတ်တဲ့လူ စိုက်ပျိုး၊ မွေးမြူရေး လုပ်တာ အများကြီးကွာတယ်လို့လေ”

### တောင်သူတွေ၊ နိုင်ငံသားတွေ စာတတ်မြောက်ကြဖို့ မဖြစ်မနေလိုနေ

“ဟုတ်ပါတယ် အစ်ကိုကြီး။ ပြီးခဲ့တဲ့နှစ်က ကျွန်တော် ဆင်ဖြူကျွန်းရောက်တော့ နေကြာစိုက်ကြတဲ့အထဲမှာ စလင်းစိုက်ပျိုးမွေးမြူရေး သိပ္ပံကျောင်းကဆင်းတဲ့ တောင်သူစိုက်ထားတာ အကောင်းဆုံးပဲ။ ကျန်တဲ့တောင်သူတွေကလည်း လက်ခံတယ်လေ။ သူက စိုက်ပျိုးမွေးမြူရေးသိပ္ပံကျောင်းဆင်းဆိုတော့ နည်းပညာသာတယ်ဆိုတာလေ။ အဲဒီတော့ တောင်သူတွေအပါအဝင် ကျွန်တော်တို့နိုင်ငံသားတွေ စာတတ်မြောက်ကြဖို့ကို မဖြစ်မနေလုပ်ကြဖို့တော့လိုနေပြီ အစ်ကိုကြီးရ”

ကျွန်တော်က စာတတ်မြောက်ရေး “အ”သုံးလုံးကျေလုပ်ငန်းတွေ လုပ်ဖို့လိုကြောင်း စကားစလိုက်ခြင်းဖြစ်သည်။

### စကားတွေ ရွှန်းရွှန်းဝေအောင် ပြောတတ်လာ

“မင်းက လိုတယ်လို့ ပြောတဲ့အချိန်မှာပဲ ဒို့အစိုးရက “အ”သုံးလုံးကျေသင်တန်းတွေစနေပြီ မဟုတ်လား။ ငါ သတင်းစာထဲ၊ တီဗွီထဲမှာ တွေ့လိုက်ပါတယ်။ အဲ နောက်ပြီး မင်းတက္ကသိုလ်ကျောင်းသားဘဝကလည်း “အ”သုံးလုံးလုပ်အားပေးသွားခဲ့သေးတယ် မဟုတ်လား။ “အ”သုံးလုံးလုပ်အားပေးမသွားခင်တုန်းက စကားကို လေးလုံးကွဲအောင် မပြောတတ်တဲ့ ငါ့ညီ၊ “အ”သုံးလုံးလုပ်အားပေးကပြန်လာတော့ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောတတ်လာတဲ့အပြင် သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံကလည်း လူကြီးဆန်လာတယ်။ မင်း “အ”သုံးလုံးလုပ်အားပေးသွားတဲ့အကြောင်း ပြောစမ်းပါဦး”

အစ်ကိုကြီးက ကျွန်တော့်အကြောင်း အတွင်းသိအစဉ်းသိဖြစ်နေ၍ လက်ရှိ စာမတတ်သူပပျောက်ရေး၊ “အ”သုံးလုံးကျေလုပ်ငန်းအပြင် ဟိုတုန်းက ကျွန်တော်လုပ်အားပေးခဲ့သည့် “အ”သုံးလုံးကျေလုပ်အားပေးသင်တန်းအကြောင်း မေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်ပါတယ် အစ်ကိုကြီး ၁၉၆၉ ခုနှစ်မှာ ကျွန်တော်တက္ကသိုလ် ပထမနှစ်စတက်ပြီး ၁၉၇၀ ပြည့်နှစ် နွေရာသီကျောင်းပိတ်ရက်မှာ ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးကျေးရွာအုပ်စု သားကျင်ရွာမှာ “အ”သုံးလုံးကျေ လုပ်အားပေးခဲ့ပါတယ်။ တောင်သူအများစုက နေ့ခင်းမှာတောင်ယာထဲ သွားကြတာကြောင့် ညဘက်မှာမီးခွက်နဲ့ မှန်အိမ်နဲ့ စာသင်ပေးခဲ့ရတယ်။ နောက်တစ်နှစ် ၁၉၇၁ ခုနှစ် နွေရာသီမှာတော့ ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်မြို့နယ်ခွဲ အိုင်လျှားတောင်ကျေးရွာမှာ လုပ်အားပေးရပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ ကိုယ့်တောင်သူတွေ၊ ကိုယ့်နိုင်ငံသားတွေ စာတတ်ဖို့ မီးရထားခကိုပထမနှစ်မှာ ကိုယ့်ဘာသာဝယ်စီးရပါတယ်။ နောက်နှစ်မှာ နိုင်ငံတော်က တစ်ဝက်ကျခံခဲ့ပါတယ်။ ရွာတွေမှာ အစားအသောက် ရှားပါတယ်။ သားကျင်မှာဆိုရင် ဆန်အစား လူးတို့၊ ဆတ်တို့တောင် ကျွန်တော်တို့စားရပါတယ်။ ငရုတ်သီးထောင်းနဲ့၊ မြေပဲဆန်လောက်နဲ့ ထမင်းစားရပေမယ့် ကျွန်တော်တို့ပျော်ပါတယ်။ ကျောက်ပန်းတောင်းမြို့နယ် အိုင်လျှားတောင်ကျေးရွာမှာတော့ ထန်းတက်တဲ့ တောင်သူများပါတယ်။ ကျွန်တော်တို့ လုပ်အားပေး တက္ကသိုလ်ကျောင်းသားတွေ မြူအိုးကောက်တာ၊ ထန်းရည်ကျိုတာ ဝိုင်းလုပ်ပြီး တောသူတောင်သားတွေနဲ့တစ်သားတည်းနေခဲ့ကြလို့ ရွာသားတွေလည်း ကျွန်တော်တို့အပေါ် သံယောဇဉ်ရှိကြပါတယ်”

### ညဘက်ကျမှ ရွာပြန်ပြီး စာသင်ကြ

“၁၉၇၂ ခုနှစ် နွေမှာတော့ ကျွန်တော် တက္ကသိုလ်လူရည်ချွန်အရွေးခံရလို့ လုပ်အားပေးမသွားဖြစ်ပါဘူး။ ၁၉၇၃ ခုနှစ် နွေမှာတော့ ကျိုက်လတ်မှာ သန်းခေါင်စာရင်းကောက်ရပြီး ၁၉၇၄ ခုနှစ် နွေမှာတော့ ဟဲဟိုးမြို့နယ်ခွဲ မြောက်မြေခြားရွာမှာ လုပ်အားပေးတာဝန်ကျပါတယ်။ ပအိုဝ်းတိုင်းရင်းသားတွေနေတဲ့ တောင်ပေါ်ရွာပါ။ အဲဒီမှာ ဆန်နီနီကြီးစားရပါတယ်။ ရွာကတောင်ပေါ်မှာရှိပြီး ရေချိုးရင် ၄၅ မိနစ်လောက် တောင်အောက်ဆင်းရပါတယ်။ ပြန်တက်ရင် တစ်နာရီခွဲလောက်တက်ရတာကြောင့် အဲဒီကလူတွေ ငါးရက်/တစ်ပတ်မှ တစ်ခါပဲ ရေချိုးကြပါတယ်။ ကျွန်တော်တို့ မျက်နှာသစ်ဖို့ရေကို ဝါးကျည်တောက်နဲ့သယ်ပေးပါတယ်။ ကျွန်တော်တို့ မျက်နှာသစ်၊ ခြေ၊ လက်ဆေးရင် နွားစားကျင်းထဲကို ဆေးချပြီး အဲဒီရေကို နွားကိုပြန်တိုက်ရပါတယ်။ ကျွန်တော်တို့လည်း နောက်ပိုင်း ငါးရက်တစ်ဈေး ဟဲဟိုးဆင်း ဈေးဝယ်ရင်း ရေကန်မှာရေချိုးဖြစ်ပါတယ်။ တိုင်းရင်းသားတွေနဲ့ တစ်သားတည်းဖြစ်ခဲ့ကြပါတယ်။ နေ့ခင်းဘက် သူတို့တောင်ယာသွားရင် ကလေးငယ်တွေနဲ့ အလုပ်မလုပ်နိုင်တဲ့ အဘိုးကြီး၊ အဘွားကြီးတွေပဲ အိမ်မှာကျန်ပါတယ်။ ကျွန်တော်တို့လည်း သူတို့နဲ့ တောင်ယာထဲ လိုက်ပြီး တောင်ယာအလုပ်လုပ်ပြီး ညဘက်ကျမှ ရွာပြန်ပြီး စာသင်ကြပါတယ်”

“ကျွန်တော့်ကိုယ်တွေ့ကတော့ “အ”သုံးလုံးကျေလုပ်အားပေးတာက စာမတတ်တဲ့ ကိုယ့်နိုင်ငံသား၊ တိုင်းရင်းသူ တိုင်းရင်းသားတွေကို စာတတ်စေပါတယ်။ ဒါ့အပြင် လူငယ်တွေကို တောသူ တောင်သားတွေရဲ့ဘဝ၊ တိုင်းရင်းသားတွေရဲ့ဘဝကို စာနာနားလည်စေပြီး တိုင်းရင်းသား ရိုးရာဓလေ့ထုံးစံတွေကိုလည်း ချစ်မြတ်နိုးစေပါတယ်။ ကျွန်တော်ကိုယ်တိုင်ပဲ ပြောင်းလဲသွားတာ အစ်ကိုကြီးအမြင်ပါပဲ”

“အေး…ထားပါတော့ကွာ။ ဒါက မင်းတို့တုန်းက “အ”သုံးလုံးလုပ်အားပေးအကြောင်း၊ အခု “အ”သုံးလုံးလုပ်တဲ့အခြေအနေကိုလည်း မင်းသိသလောက်ပြောပြစမ်းပါဦး။ နောက်ပြီး “အ”သုံးလုံး လုပ်အားပေးမလုပ်တာကြာပြီ။ အခုမှ ဘာ့ကြောင့်လုပ်တယ်ဆိုတာ မင်းသိထားသလောက်ရှင်းပြပါဦး”

အစ်ကိုကြီးက သူသိချင်တာကို လိမ္မာပါးနပ်စွာ မေးလာခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

❖ **“အ”သုံးလုံးကျေလုပ်အားပေးတာက စာမတတ်တဲ့ ကိုယ့်နိုင်ငံသား၊ တိုင်းရင်းသူ တိုင်းရင်းသားတွေကို စာတတ်စေပါတယ်။ ဒါ့အပြင် လူငယ်တွေကို တောသူတောင်သားတွေရဲ့ဘဝ၊ တိုင်းရင်းသားတွေရဲ့ဘဝကို စာနာနားလည်စေပြီး တိုင်းရင်းသားရိုးရာဓလေ့ထုံးစံတွေကိုလည်း ချစ်မြတ်နိုးစေပါတယ်**

❖ **ဒို့နိုင်ငံမှာ လူများစု ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသတွေမှာနေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သစ်ဝါးလုပ်ငန်း၊ ရေလုပ်ငန်းတွေပဲ လုပ်ကိုင်နေကြတယ်။ ဒီတော့ ပညာအခြေခံကနည်း၊ တစ်ဖက်ကလည်း ပညာရပ်ဆိုင်ရာ စာအုပ်၊ စာတမ်းတွေက ဒို့ကျေးလက်နေလူတန်းစားတွေ ဖတ်ရှုဖို့က လက်လှမ်းမမီ**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှု

ပုသိမ် ဧပြီ ၂၂

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၀ ရက်က မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd သို့ သွားရောက်၍ Gasifier နှင့် Gas engine စနစ်ဖြင့် လျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား Global Earth Agro & Aqua Industry Public Co., Ltd ကုမ္ပဏီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ စက်ရုံတွင် လေ့လာပညာသင်ယူနေသည့် ပုသိမ်၊ ဟင်္သာတ နည်းပညာတက္ကသိုလ်မှ စက်မှု(Mechanical)၊ မြို့ပြ (Civil)၊ လျှပ်စစ်စွမ်းအား (E.P) နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများက ကြိုဆိုကြပြီး ထို့နောက် စက်ရုံတွင် Gasifier စနစ်ဖြင့် လျှပ်စစ်စွမ်းအား 12MW ထုတ်လုပ်မှုအတွက် Reactor မီးဖို ၁၂ လုံးတည်ဆောက်ထားရှိပြီး မီးဖိုနှင့် ဆက်စပ်လည်ပတ်မည့် gas engine ၂၄ လုံး အနက် ၁၃ လုံး ရောက်ရှိ တပ်ဆင်ထားမှု၊ ယခုနှစ်မေလကုန်တွင် ရှေ့ပြေးကာလ စမ်းသပ်ထုတ်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အဆင့်ဆင့်ထုတ်လုပ်သွားမည့် အခြေအနေများ၊ အဆင့်မြင့်နည်းပညာများသုံးစွဲထားပြီး ထွက်ရှိလာသည့်ဓာတ်ငွေ့ကို အအေးခံခြင်း၊ (E.S.P/ Electrostatic Precipitator) လျှပ်စစ်အမှုန်ဖမ်းစက်ယူနစ်ဖြင့် ကတ္တရာအမှုန် (Tar) ကို ဖယ်ထုတ်မှု၊ ဓာတ်ငွေ့တွင်ပါဝင်သည့် ရေမှုန်အားလုံးကို Water Drop Catcher ဖြင့် အပြီးသတ်ဖမ်းယူစစ်ထုတ်ပြီး သန့်စင်ဓာတ်ငွေ့များကို ဓာတ်ငွေ့လှောင်ကန်တွင် စုဆောင်းပြီး Gasifier Engine သို့ ဆက်လက်ပို့လွှတ်ပြီး လျှပ်စစ်ထုတ်လုပ်သည့်စနစ်၊ Gasifier မီးဖိုမှ ထွက်ရှိဓာတ်ငွေ့များကို အအေးခံရာ တွင် Dry Process နည်းစနစ်ကို အသုံးပြုထား၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အထိရောက်ဆုံး ကာကွယ်ထုတ်လုပ်သည့် နည်းစနစ်များ၊ ဇီဝလောင်စာသုံး စပါးခွံလျှပ်စစ်ဓာတ်အာပေးစက်ရုံ တည်ဆောက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပြင် ဇီဝလောင်စာသုံး Biomass စပါးခွံအသုံးပြု၍ Steam Turbine စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံအတွက် Steam Turbine နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေမှု၊ လုပ်ငန်းများတိုးတက် တပ်ဆင်နေမှု အခြေအနေ များ၊ စပါးခွံများစနစ်တကျ သိုလှောင်နိုင်ရန် သိုလှောင်ရုံများ တည်ဆောက်နေမှု၊ CARBON–BASED BIO ORGANIC NPK FERTILIZER စက်ရုံတည်ဆောက်ရေးစီမံကိန်း လျာထား ဆောင်ရွက်နေမှု၊ ရေသွင်းရေထုတ်မြောင်းများနှင့် ငါးမွေးကန်များ တည်ဆောက်နေမှု၊ ငါးအသားလွှာ ပြုပြင် ထုတ်လုပ်ခြင်းနှင့် ထွက်ရှိငါးများအေးခဲစက်ရုံတွင် အအေးပေးသည့်စနစ်အတွက် စက်ပစ္စည်းများ ထပ်မံရောက်ရှိနေမှု၊ တပ်ဆင်ပြီးစီးနေမှုများ၊ Automatic cold storage warehouse စနစ်အတွက် racking system များ တပ်ဆင်နေမှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိရာ ထွက်ရှိလာသည့် သီးနှံ၊ သား၊ ငါး၊ ရေထွက်ပစ္စည်းများအား ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊

ယခုအခါ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Gasifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ လုပ်ငန်းများသည်လည်း အကောင်ထည်ပေါ်လာပြီဖြစ်ကြောင်း၊ Gasifier အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် တစ်နှစ်လျှင် ကုန်ကြမ်း စပါးခွံတန်ချိန် ငါးသိန်းကျော် လိုအပ်နေသည့်တင်ပြမှုအတွက် မိမိတိုင်းဒေသကြီးအတွင်း မိုး/နွေစပါး ဧက ၅၂ သိန်းကျော်မှ စပါးခွံများကို စနစ်တကျ ကြိုတင်စုဆောင်းသွားရန် လိုအပ်ကြောင်း၊ ငါးစာတောင့် စက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းများအနက် ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်၊ ပဲပုတ်ဖတ်များ၊ ပီလောပီနံ၊ ငါးပေါင်းမှုန့်များမှာ မိမိတို့တိုင်းဒေသကြီးမှထွက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည့်အပြင် ဖွဲနုဆီစက်ရုံများ တည်ထောင်နိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး၊ စားသုံးဆီဖူလုံမှုရှိစေရေး၊ စိုက်ပျိုးသီးနှံစုံပန်းတိုင်အထွက်နှုန်းရောက်ရှိစေရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

"ဒါကတော့ အစ်ကိုကြီးရယ် စောစောက ကျွန်တော်တို့ပြောခဲ့သလိုပါပဲ။ လူတွေက စာမတတ်တော့ ဗဟုသုတမရှိဘူး။ အတွေးအမြင်မမှန်ဘူး။ အပြောကောင်းရင် အပြောကောင်းတဲ့လူနောက်ကို ပါသွားတတ်သလို စဉ်းစားဝေဖန်၊ ဆင်ခြင်သုံးသပ်ကြတာမရှိဘူး။ အဲဒီတော့ တလွဲတွေလုပ်တတ်ကြတယ်။ အမှားအမှန် မခွဲခြားတတ်ဘူး။ ကိုယ့်တိုင်းပြည်သမိုင်းကြောင်းကို မသိဘူး။ လွတ်လပ်ရေးကို တန်ဖိုးမထားတတ်ဘူး။ အဲ...ပြီးတော့ အခြေခံစီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို ပညာမတတ်တော့ နည်းပညာမလေ့လာဘူး။ နည်းပညာမပါတော့ အကျိုးအမြတ်မရှိဘူး။ ဒီတော့ ငွေရလွယ်တဲ့အလုပ်တွေကို လုပ်လာကြတယ်။ ကောင်းရောင်း၊ ကောင်းဝယ်မလုပ်ကြတော့ဘူး"

**"အ"သုံးလုံးကျေသင်တန်းတွေ ဖွင့်လှစ်ဖို့လမ်းညွှန်ခဲ့**

"ဒါကို တွေးမြင်မိတဲ့ နိုင်ငံတော်အကြီးအကဲက ကိုယ့်နိုင်ငံသားတွေ၊ ကိုယ့်တိုင်းရင်းသားတွေ အဓိကအခြေခံဖြစ်တဲ့ စာတတ်မြောက်ဖို့ လုပ်အားပေးဖို့လိုတယ်ဆိုတာကို တွေးမိတယ်။ ဒါ့ကြောင့် စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာအုပ်နဲ့ အလှူငွေပေးအပ်ပွဲအခမ်းအနားမှာ နိုင်ငံတော်ဝန်ကြီးချုပ်က အသက်အရွယ်အလိုက် စာမတတ်တဲ့သူစာရင်းတွေထောက်ပြတယ်။ ပြီးတော့ စာတတ်မြောက်ဖို့ ပညာရေးဝန်ကြီးဌာနကို "အ"သုံးလုံးကျေသင်တန်းတွေ ဖွင့်လှစ်ဖို့လမ်းညွှန်ခဲ့တာပဲ။ ဒါ့ကြောင့် ဒီနှစ်နွေမှာ "အ"သုံးလုံးသင်တန်းတွေ စပြီးဖွင့်လှစ်ခဲ့တာပါပဲ"

"ဒို့တစ်နိုင်ငံလုံးမှာရော ဖွင့်နိုင်လို့လား၊ သင်တန်းကာလက ဘယ်လောက်လဲ၊ သင်တန်းသားရော ဘယ်လောက်ရှိလဲ"

အစ်ကိုကြီး၏ မေးခွန်းများက အသေးစိတ်လှသည်။

"တစ်နိုင်ငံလုံးမှာ ဖွင့်လှစ်ဖို့ လျာထားပေမယ့် လုံခြုံရေးတာဝန်မခံနိုင်တဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ သင်တန်းမဖွင့်နိုင်ဘူး။ နေပြည်တော်အပါအဝင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်း၊ မကွေး၊ တနင်္သာရီ၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့မှာ သင်တန်းတွေ ဖွင့်နေပါတယ်။ သင်တန်းကာလက ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်ကနေ မေ ၁၅ ရက်အထိ ရက်ပေါင်း ၄၀ ဖြစ်ပြီး တစ်ရက်ကို စာသင်ကြားချိန် သုံးနာရီ သတ်မှတ်ထားပါတယ်"

"အေး ဟုတ်ပါပြီ။ မင်းတို့ အစိုးရပိုင်း၊ ဌာနဆိုင်ရာပိုင်းက ဖွင့်လှစ်ပေးတာတော့ဟုတ်ပါပြီ။ ပြည်သူတွေအပိုင်းကရော စိတ်ဝင်စားရဲ့လား၊ သင်တန်းတက်တဲ့သူရော ရှိရဲ့လား"

အစ်ကိုကြီး၏ အမေးက အဓိပ္ပာယ်များစွာ ကျယ်ဝန်းလှသည်။

"ရှိတာပေါ့ အစ်ကိုကြီးရ။ အစ်ကိုကြီးလည်း သတင်းစာတွေ၊ ရုပ်မြင်သံကြားသတင်းတွေမှာ တွေ့နေရတာပဲလေ။ ပညာရေးဝန်ကြီးဌာနကို ၂၈-၃-၂၀၂၄ ရက်နေ့အထိ တင်ပြလာတဲ့စာရင်းက ၆၇၅၃၃ ဦးရှိတယ်။ အခုလက်ရှိစာသင်သားဦးရေက ၇၀၄၉၈ ဦးရှိတယ်။ မူလက စာရင်းပေးတာထက်တောင် ပိုပြီးများလာတယ်"

"အေး ကောင်းတာပေါ့ကွာ။ စာသင်သားတွေက ကိုယ့်စာအုပ်ကိုယ်ဝယ်ရလား၊ သင်တန်းတက်ရင် ပိုက်ဆံဘယ်လောက်ကုန်မှာလဲ"။

"မကုန်ပါဘူး အစ်ကိုကြီးရယ်၊ ပညာရေးဝန်ကြီးဌာနက စာသင်သားတွေအတွက် သင်ကြားစာအုပ် နှစ်အုပ်၊ ဗလာစာအုပ်နဲ့ ခဲတံ၊ ပေတံတွေကို အခမဲ့ပေးပါတယ်။ စာသင်ခန်းတွေအတွက်လည်း ကျောက်သင်ပုန်းတို့၊ မြေဖြူတို့၊ ဘောဖျက်တို့ပါ တစ်ပါတည်း စီစဉ်ပေးပါတယ်"

"အေးကွာ အဲဒီလိုဆိုတော့လည်း ဒို့အစိုးရက ဒို့ပြည်သူတွေအတွက် လိုလေသေးမရှိအောင် စီစဉ်ပေးထားတော့လည်း ဝမ်းသာကြည်နူးစရာပါ။ ဒါနဲ့ ငါတစ်ခုသွားပြီးတွေးမိတယ်။ မင်းတို့ ငါတို့ငယ်ငယ်တုန်းက ကျောင်းဖွင့်ချိန်နီးရင် မိဘတွေအတော်လေး ဒုက္ခရောက်ကြတယ်။ ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ စာအုပ်ဖိုး၊ ကျောင်းဝတ်စုံဖိုးနဲ့ အတော်လေး ဦးနှောက်ခြောက်ရတယ်။ အခုခေတ်မှာတော့ ကျောင်းဝင်ကြေးတွေ၊ ကျောင်းလခတွေ နိုင်ငံတော်ကကျခံပေးတော့ ကျောင်းသားမိဘတွေ ဘာမှပူစရာမလိုတော့ဘူး။ စိတ်မဆင်းရဲရတော့ဘူးပေါ့ကွာ"

အစ်ကိုကြီး၏ မျက်နှာက ဝမ်းသာကြည်နူးမှုဖြင့် အပြုံးရိပ်လွှမ်းနေသည်။

"ဒါနဲ့နေပါဦးကွ ကိုအောင်ရ။ အခု လူတွေ "အ"သုံးလုံးကျေသင်တန်းတွေပေးတာတော့ ဟုတ်ပါပြီ၊ ရက် ၄၀ ပြည့်လို့ စာတတ်ပြီဆိုပါစို့ကွာ။ စာဆိုတာက သင်ရင်တော့ တတ်တာပေါ့ကွာ။ ဒါပေမယ့် အဲဒီတတ်ထားတဲ့စာက ပြန်မဖတ်ရင်၊ ကြာရင် မေ့သွားမယ်လေကွာ။ အဲဒီအတွက်ရော ဒို့အစိုးရက ဘယ်လိုစီစဉ်ထားသလဲ"

**စာပေအသိပညာတွေက တိုင်းပြည်အတွက် အများကြီးအကျိုးရှိ**

"အော် အစ်ကိုကြီးကလည်း စပြီးပြောတာကိုက တစ်နိုင်ငံလုံးမှာရှိတဲ့ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ စာအုပ်နဲ့ အလှူငွေပေးအပ်ပွဲအခမ်းအနားလုပ်တာလေ။ ဒီအခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်ပြီး လှူဒါန်းခဲ့တာ၊ စည်းရုံးခဲ့တာ၊ ဧပြီ ၃ ရက်နဲ့ ၁၀ ရက်မှာ လုပ်ခဲ့တာ။ ၁၀ ရက်နေ့ကလုပ်ခဲ့တဲ့ အခမ်းအနားမှာ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်တော်တို့နိုင်ငံမှာ မြို့နယ် ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့၊ ရပ်ကွက် ၃၄၈၅ ခု၊ ကျေးရွာအုပ်စု ၂၃၉၁၀ နဲ့ ကျေးရွာပေါင်း ၆၃၂၁၀ ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဖွင့်တဲ့ ခရိုင်နဲ့ မြို့နယ်အဆင့်စာကြည့်တိုက် ၄၁၀ ရှိပြီး လူပုဂ္ဂိုလ်နဲ့ ရပ်ရွာပြည်သူလူထုရဲ့ အစီအစဉ်နဲ့ ဖွင့်လှစ်ထားတဲ့ စာကြည့်တိုက် ၃၅၀၀ ကျော်သာ ရှိသေးတာမို့ စာကြည့်တိုက်တွေ တိုးတက်ဖွင့်လှစ်ဖို့အတွက် အခုလို စာအုပ်နဲ့ အလှူငွေတွေ ပေးအပ်လှူဒါန်းတဲ့ စာပေအသိပညာလှူဒါန်းပွဲတွေက တိုင်းပြည်အတွက် အများကြီးအကျိုးရှိတယ်လို့ ပြောသွားတယ်လေ အစ်ကိုကြီးရဲ့"

"အေးဟုတ်ပါပြီကွာ။ မင်းပြောတဲ့ လှူဒါန်းပွဲမှာရော အဲဒီနေ့က တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပခဲ့တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့ လှူဒါန်းပွဲတွေမှာ လှူတာအပါအဝင် အဲဒီနေ့ တစ်နေ့တည်းမှာကို စုစုပေါင်းအလှူငွေကျပ် ၉၈၅၃၆၅၄၅၀ နဲ့ သုတ၊ ရသစာစောင် ၇၉၂၁၁ အုပ် ရရှိခဲ့တယ်လို့ စာရင်းမှတ်တမ်းတွေအရ သိရတယ်ကွာ။ တကယ့်ကို ဝမ်းသာကြည်နူးအားရစရာပဲ။ အဲဒီနေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့စကားတွေထဲမှာ ဒို့တစ်တွေ အလေးအနက်ထားရမှာကတော့...

**"ရေအသက် တစ်မနက်"**

**"ထမင်းအသက် ခုနစ်ရက်"**

**"စာပေအသက် ဘဝတစ်သက်"** ပါ ဆိုတာပါပဲကွာ။ ။

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မကွေးမြို့၌ အခြေခံလေကြောင်းလူငယ်သင်တန်း ဖွင့်လှစ်ပို့ချ



**မကွေး ဧပြီ ၂၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို မကွေးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းဝင်း၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မကွေး တပ်နယ်အသီးသီးမှ အရာရှိစစ်သည်များ၊ မကွေး လေတပ်စခန်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ အခြေခံလေကြောင်း လူငယ်သင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် သင်တန်းသားမိဘများ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံလေကြောင်း လူငယ်သင်တန်းကို တက်ရောက်ခွင့်ရရှိသည့် လူငယ်များအနေဖြင့် နောင်တစ်ခေတ်၏ ခေါင်းဆောင်လူငယ်များဖြစ်ရန် အသိပညာ/ အတတ်ပညာပိုင်းဆိုင်ရာများကို တစ်စိတ်တစ်ဒေသ အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း၊ သင်တန်းတွင် လေကြောင်းသိပ္ပံပညာရပ်များနှင့် ပတ်သတ်ပြီး မျိုးဆက်သစ်ခေါင်းဆောင်ကောင်းများ ဖြစ်လာရေး စာပေဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြမည့် လူငယ်တို့အနေဖြင့် လေကြောင်းသိပ္ပံ ပညာရပ်ကို ကိုယ်တိုင်ဆည်းပူး၊ လေ့လာ၊ တည်ဆောက် သင်ယူကြရမည်ဖြစ်သလို လေယာဉ်လိုက်ပါစီးနင်းခြင်း၊ RC လေယာဉ် Simulator မောင်းနှင်ခြင်း၊ Radio Control / Remote Control လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်မှုပြိုင်ပွဲအပြင် နေပြည်တော်နှင့် ရန်ကုန်မြို့မှ ဗဟုသုတရရှိစေမည့် နေရာများကို လေ့လာရေးသွားရောက်ခွင့်ရကြမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ကမ္ဘာမှာ အရေးပါလာသည့် လေကြောင်းသိပ္ပံပညာရပ်များကို ထက်မြက်ထူးချွန်စွာ ကြိုးစားအားထုတ်သင်ယူလေ့လာသွားရန်လိုကြောင်း တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ အနောက်ပိုင်း လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံဆိုင်ရာ ပညာရပ်များကို စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ကာ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သင်တန်းအတွက် ထောက်ပံ့သည့် ထောက်ပံ့ငွေများကိုတိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးလေတပ်စခန်းဌာနချုပ်မှူးထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများနှင့် လေကြောင်းဆိုင်ရာ သမိုင်းမှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည်အားပေးကြည့်ရှုကာ(ဝဲပုံ) သင်တန်းသား၊ သင်တန်းသူများနှင့် အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

အဆိုပါ အခြေခံလေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရား၊ စက်အုံတည်ဆောက်မှု အခြေခံများ၊ လေယာဉ်ပုံစံငယ် တည်ဆောက်မှုအခြေခံများ၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်/ Drone မောင်းနှင်ခြင်း၊ အခြေခံစစ်ပညာ (လက်နက်မဲ့) သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းမှ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် –

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

## နတ်တလင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**နတ်တလင်း ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၂ ရက်တွင် နတ်တလင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသူ ၇၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးသန့်၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံရောဂါ ရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာပေးခြင်း၊ ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းများ ပြုလုပ်ပေးပြီး လိုအပ်သော ဆေးဝါးကုသမှုများကို အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်သည်။ နတ်တလင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် လစဉ် ၂၁ ရက်နေ့တိုင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံဖြိုး(နတ်တလင်း)**

## ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ဆေးစစ်ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**ပန်းတောင်း ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသို့ တက်ရောက်မည့် သင်တန်းသားများအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးစစ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ဧပြီ ၂၀ ရက်က ဆောင်ရွက်သည်။


မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ အတွင်းရေးမှူး ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်မည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ပြီး ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရပ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးစစ်ခြင်း၊ ကိုယ်ရေးအချက်အလက်ဖောင်များ ဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်ကာ သင်တန်းသားများအား နံနက်စာ၊ နေ့လယ်စာ၊ အားဖြည့်အချိုရည်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများဖြစ်သော သွားတိုက်တံ၊ သွားတိုက်ဆေး၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ အခမဲ့ထောက်ပံ့ပေးခဲ့သည်။

**လပြည့်လင်း(ပြန်/ဆက်)**

# ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ် အမြင့်ဆုံးရောက်လာကြောင်း ဆွီဒင်ပညာရှင်ပြောကြား

စတော့ဟုမ်း မေ ၂၂

**ကမ္ဘာလုံးဆိုင်ရာ စစ်ရေးအသုံးစရိတ်များမှာ ၂၀၂၃ ခုနှစ်တွင် ကိုးနှစ်ဆက်တိုက် မြင့်တက်လာခဲ့ကြောင်းနှင့် ၁၉၈၈ ခုနှစ်က မှတ်တမ်းစတင်ကောက်ယူသည့်နောက်ပိုင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိလာကြောင်း ဆွီဒင်ပညာရှင် တစ်ဦးက ပြောသည်။**




စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေး သုတေသနဌာနက မေ ၂၂ ရက်တွင် ထုတ်ပြန်သော ၎င်း၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ကမ္ဘာတစ်ဝန်းရှိ စစ်ရေးအသုံးစရိတ် စုစုပေါင်းမှာ ဒေါ်လာ ၂ ဒသမ ၄၄၃ ထရီလီယံရှိကြောင်း ဖော်ပြထားသည်။ အဆိုပါ စစ်ရေးအသုံးစရိတ်ပမာဏမှာ ယခင်နှစ်ကထက် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်းလည်း ဖော်ပြထားသည်။

စစ်ရေးအသုံးစရိတ် အများဆုံးစာရင်းတွင် အမေရိကန်က ဒေါ်လာ ၉၁၆ ဘီလီယံဖြင့် ထိပ်ဆုံးတွင် ရှိနေပြီး ယခင်နှစ်ကထက် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာသည်ဟု ဆိုသည်။ ၎င်းနောက်တွင် တရုတ်နိုင်ငံက ဒေါ်လာ ၂၉၆ ဘီလီယံဖြင့် ရပ်တည်နေပြီး ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဥရောပ၊ အာရှနှင့် ကျွန်းနိုင်ငံတို့အပြင် အရှေ့အလယ်ပိုင်းတို့တွင် စစ်ရေးအသုံးစရိတ် သိသိသာသာ မြင့်တက်လာကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



အင်ဒိုနီးရှားနိုင်ငံ ဆမ်ရာတူလန်ဂျီ အပြည်ပြည်ဆိုင်ရာလေဆိပ်။

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲပြီးနောက် ပိတ်ထားရသည့် အပြည်ပြည်ဆိုင်ရာလေဆိပ် ပြန်လည်ဖွင့်လှစ်

**ဂျကာတာ မေ ၂၂**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီ ပြည်နယ်မြောက်ပိုင်း၌ ဆမ်ရာတူလန်ဂျီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ရူအန်းမီးတောင် ပေါက်ကွဲမှုကြောင့် ကြာသပတေးနေ့ကတည်းက ပိတ်ထားခဲ့ပြီးနောက် မေ ၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ငါးရက်နီးပါး ပိတ်ထားခဲ့ပြီးနောက် အဆိုပါလေဆိပ်ကို ယနေ့နေ့လယ်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး ပုံမှန်အတိုင်း လုပ်ငန်းလည်ပတ်နေပြီ ဖြစ်ကြောင်း လေဆိပ် အထွေထွေမန်နေဂျာ မာယာ ဒန်မာရန်တီက မေ ၂၂ ရက်တွင် ပြောကြားသည်။

နိုင်ငံ၏မီးတောင်နှင့်ဘူမိဗေဒဘေးအန္တရာယ်လျော့ပါးရေးဗဟိုဌာနသည် မီးတောင်လှုပ်ရှားမှုများ လျော့ကျလာချိန်တွင် မီးတောင်သတိပေးချက်အခြေအနေကို မေ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှစကာ အမြင့်ဆုံးအဆင့် ၄ မှ အဆင့် ၃ အထိ လျှော့ချခဲ့ကြောင်း သိရသည်။

ပစိဖိတ်မီးတောင်ရပ်ဝန်းတွင် တည်ရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်၌ မီးတောင်အများဆုံးရှိသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၄၁၅၁ ဦးအထိတိုးလာ

**ဂါဇာ မေ ၂၂**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ ဆက်လက်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၄၁၅၁ ဦးအထိ တိုးလာကြောင်း မေ ၂၂ ရက်တွင် ဟားမားစ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၄ ဦး သေဆုံးပြီး ၁၀၄ ဦး ဒဏ်ရာရခဲ့သည့် အစ္စရေး - ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားသော အချိန်မှစကာ ပါလက်စတိုင်း စုစုပေါင်း သေဆုံးသူ ၃၄၁၅၁ ဦးနှင့် ဒဏ်ရာရရှိသူ ၇၇၀၈၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

ပြင်းထန်သည့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အပျက်အစီးများအောက်တွင် သေဆုံးသူအချို့ ကျန်ရှိနေသေးကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

**ဆင်ဟွာ**

# ဆီးရီးယားနိုင်ငံရှိ အမေရိကန်စစ်ဘက်အခြေစိုက်စခန်းသို့ အီရတ်နိုင်ငံမှ ဒုံးကျည်များ ပစ်လွှတ်

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံမှ အိမ်နီးချင်းဆီးရီးယားနိုင်ငံရှိအမေရိကန်စစ်ဘက်အခြေစိုက်စခန်းသို့ဦးတည်ကာ မေ ၂၁ ရက်တွင် ဒုံးကျည်ငါးစင်းပစ်လွှတ်လိုက်ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

ဆီးရီးယားပိုင်နက်သို့ ဦးတည်သော အဆိုပါ ဒုံးကျည်များကို အီရတ်နိုင်ငံ မိုဆူးလ်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ ဇွန်းမားမြို့အနီး ကျေးရွာတစ်ရွာမှ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း အမည်ဖော်ပြလိုခြင်းမရှိသည့် ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောသည်။

ဆီးရီးယားနိုင်ငံရှိ အမေရိကန်ညွှန့်ပေါင်းတပ်ဖွဲ့များရှိရာသို့ မေ ၂၁ ရက် ည ၉ နာရီ မိနစ် ၅၀ က ဒုံးကျည်ပစ်လွှတ်လိုက်သော အဆိုပါ လက်နက်ကိုင်အဖွဲ့ကိုရှာဖွေရန် မိုဆူးလ်မြို့အနောက်ဘက်တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များက ရှာဖွေရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

ထို့နောက်တွင် လုံခြုံရေးတပ်ဖွဲ့များက ယာဉ်တစ်စီးပေါ်တွင် ဒုံးကျည်ပစ်လောင်ချာကို တွေ့ရှိခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်သူများကို ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ရှာဖွေနေကြောင်း ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ဆင်ဟွာ**



# ကျန်းရှီးပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၃၀၀၀၀ ဘေးသင့်

**နန်ချောင်း မေ ၂၂**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းရှီးပြည်နယ် ဂန်းကျိုးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၃၀၀၀၀ သဘာဝဘေးသင့်ခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောသည်။

မေ ၂၀ ရက်မှ မေ ၂၂ ရက် ညနေ ၃ နာရီအထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စီးပွားရေးတိုက်ရိုက်ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ သန်းခန့်ရှိခဲ့ကြောင်း ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုလျော့ပါးရေးဌာနချုပ်က ပြောသည်။

လတ်တလော ကျန်းရှီးပြည်နယ်တွင် မိုးရွာသွန်းမှုရပ်စဲသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုလျော့ပါးရေးဌာနချုပ်က မေ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် အဆင့် - ၄ ရေကြီးရေလျှံမှုတုံ့ပြန်ဆောင်ရွက်မှုကို ရပ်နားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယူဂန္ဒာနိုင်ငံမြောက်ပိုင်း၌ ရေကြီးမှုကြောင့် အိမ်ထောင်စု ၁၅၀၀၀ ကျော် အိုးအိမ်စွန့်ခွာ

**ကမ်ပါလာ မေ ၂၂**

ယူဂန္ဒာနိုင်ငံမြောက်ပိုင်း ဒိုကိုလိုခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုများဖြစ်ပွားသဖြင့် အိမ်ထောင်စု ၁၅၀၀၀ ထက်မနည်း အိုးအိမ်စွန့်ခွာခဲ့ရကြောင်း ဒေသတွင်းတာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် အိုးအိမ်စွန့်ခွာရသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ပြီး ကျောင်းများနှင့် ကျန်းမာရေးအဆောက်အအုံများတွင် ခိုလှုံနေရကြောင်း ဒိုကိုလို၏ ဌာနေခရိုင်မင်းကြီး ဘာဘာရာ အာကက်က ဖုန်းဖြင့် ပြောကြားသည်။

အကြီးမားဆုံးပြဿနာမှာ ကျန်းမာရေးစင်တာများနှင့် ကျောင်းများတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွားကြောင်း၊ ရွက်ဖျင်တဲများနှင့် အစားအစာများ တောင်းခံရန် ဝန်ကြီးချုပ်ရုံးသို့ စာပို့ထားခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါဒေသ၌ ရေကြီးမှုကြောင့် ကောက်ပဲသီးနှံများ မျောပါသွားပြီး ရေကြောင့် ကူးစက်ပျံ့နှံ့သောရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း ၎င်းက ပြောသည်။ ၂၀၂၂ ခုနှစ်က ယူဂန္ဒာနိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားသဖြင့် ၂၄ ဦးသေဆုံးပြီး လူပေါင်းထောင်နှင့်ချီကာ အိုးအိမ်စွန့်ခွာခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘူးသီးတောင်မြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာသူများအား ဆန်အိတ်များထောက်ပံ့

**နေပြည်တော် မေ ၂၂**

AA အကြမ်းဖက်သောင်းကျန်းသူများက မေ ၁၂ ရက်တွင် ကွန်တိုင်ကျေးရွာ၊ ရွက်ညိုတောင်ကျေးရွာနှင့် ဦးလှဖေကျေးရွာအတွင်းသို့ အကြောင်းမဲ့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ခြင်းများကြောင့် ကြောက်ရွံ့၍ ရှောင်တိမ်းလာသော ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ယာယီခိုလှုံရာစခန်း သုံးခုတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှင့် တစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု ၉၅၅ စုအတွက် ဆန်အိတ် ၁၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဖြူးမြို့တွင် ဆိုင်ကယ်စီးနင်းနေသည့် ပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် မေ ၂၁ ရက်က ဆိုင်ကယ်စီးနင်းနေသည့် ပြည်သူ ၈၀ ခန့်ကို အကြောင်းမဲ့ဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ကားများဖြင့် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရမှ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်သည့်နေ့မှစပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသည့် အကြမ်းဖက် သမားများက ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေကြောင်း ကောလာဟလ သတင်းအမှားများအပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တာဝန်ရှိသူများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပေါ်ပေါ်ထင်ထင် လုပ်ဆောင်နေသည်ကို ပြည်သူများကလည်း သိရှိပြီးဖြစ်ပါသည်။

ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့ရွာများ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအရစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်ကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်သည်။ ထိုသို့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် ကောလာဟလသတင်းမှားများကြောင့် စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန် နိုင်ငံပိုင်မီဒီယာများ၊ သတင်းစာများမှတစ်ဆင့် အသိပညာပေးခြင်းများ လုပ်ဆောင်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# ကော့ကရိတ်မြို့ကို တပ်မတော်က ဓာတုအဆိပ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ကို တပ်မတော်က ဓာတုအဆိပ်ဗုံးများဖြင့် မေ ၂၀ ရက်တွင် ဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် အကြမ်းဖက် သမားများနှင့် ဒေသခံပြည်သူများ မူးဝေ၊ အော့အန်ခြင်းဝေဒနာများ ခံစားနေရကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ကော့ကရိတ်မြို့တွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများကို တပ်မတော်ကအကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှု ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လျက်ရှိပြီး လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်မှ ထိရောက်သည့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အကြမ်းဖက် သောင်းကျန်းသူများ ထိခိုက်သေဆုံးမှုများပြားလျက်ရှိကြောင်း မြေပြင်သတင်းပေးပို့ချက်များအရ သိရှိရသည်။ အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ထိုသို့ ထိခိုက်သေဆုံးမှုများတိုင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် တပ်မတော်မှ ဓာတုအဆိပ်ဗုံးများ အသုံးပြုတိုက်ခိုက်နေကြောင်း မဟုတ်မမှန်ဝါဒဖြန့်ဝေခြင်းများကို ယခင်တိုက်ပွဲဖြစ်စဉ်များတွင်လည်း တွေ့မြင်ရသည်။

တပ်မတော်သည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Min Nwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ စိုးမင်းနွယ်အား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

# ကျေးလက်နေပြည်သူများအားထားရာ မြစိမ်းရောင်ဆီမှာ

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများ ဖြစ်ကြသည်။**

**မွန်မွန်**




ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတကာဖွံ့ဖြိုးရေးအတွေ့အကြုံများအရ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မိသားစုဝင်ငွေတိုးပွားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး ကိစ္စရပ်များကိုပါ အကောင်အထည်ဖော် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်လာခဲ့သည်။

နိုင်ငံအတွင်း ကွင်းဆင်းကောက်ယူခဲ့သော စစ်တမ်းများအရ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အတိုးမဲ့ချေးငွေ (သို့မဟုတ်) အတိုးနည်းချေးငွေတစ်ရပ် ထူထောင်ပေးရန် လိုအပ်လာကြောင်း တွေ့ရသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ (၈) ပုဒ်မခွဲ (ဃ) အပိုဒ် (၅)ပါ ပြဋ္ဌာန်းချက်အရ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးနိုင်ရန်အတွက် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ ညှိနှိုင်းရေးဆွဲထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူဗဟိုပြုအသွင်ဖြင့် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို ဖော်ညွှန်းရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသော အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ထင်ဟပ်စေရန်အတွက် မျှော်မှန်းလျက် အရင်းမပျောက် မတည်ရန်ပုံငွေထူထောင်ပေးခြင်း လုပ်ငန်းစီမံကိန်းဖြစ်သည့် "မြစိမ်းရောင်ကျေးရွာစီမံကိန်း"ကို ဒီဇိုင်းရေးဆွဲ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ မြစိမ်းရောင်ဆိုသည်နှင့် ကျေးလက်နေပြည်သူအများအပြားက သိကြသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ယူနစ်အရ ကျေးရွာပေါင်း ၁၄၅၀ တွင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သော်လည်း အချို့ယူနစ်များမှာ နီးစပ်ရွာကျေးရွာချင်း ပေါင်းစပ်ဆောင်ရွက်သည့်အတွက် အကျိုးပြုကျေးရွာများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကျေးရွာပေါင်း ၁၆၃၄ ရွာ အကျိုးပြုပေးနိုင်ခဲ့သည်။

- **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို ဖော်ညွှန်းရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသော အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ထင်ဟပ်စေရန်အတွက် မျှော်မှန်းလျက် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း လုပ်ငန်းစီမံကိန်းဖြစ်သည့် "မြစိမ်းရောင်ကျေးရွာစီမံကိန်း"ကို ဒီဇိုင်းရေးဆွဲ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်**
- **မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ယူနစ်အရ ကျေးရွာပေါင်း ၁၄၅၀ တွင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သော်လည်း အချို့ယူနစ်များမှာ နီးစပ်ရွာကျေးရွာချင်း ပေါင်းစပ်ဆောင်ရွက်သည့်အတွက် အကျိုးပြုကျေးရွာများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကျေးရွာပေါင်း ၁၆၃၄ ရွာ အကျိုးပြုပေးနိုင်ခဲ့သည်**

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထူထောင်ပေးသည့်နည်းလမ်းဖြင့် နိုင်ငံတော်ရန်ပုံငွေမှ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းကို ကျေးရွာပိုင်၊ အများပိုင်ရန်ပုံငွေအဖြစ် မတည်ပေးခြင်းဖြစ်ရာ အများသဘောတူ ရွေးချယ်ထားသည့် ကျေးရွာကော်မတီမှစီမံခန့်ခွဲပြီး ကျေးရွာလူထုသို့ သက်သာသော အတိုးနှုန်း တစ်လလျှင် ပြား ၅၀ မှ ၁ ကျပ် ပြား ၅၀ နှုန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ထုတ်ချေးပေးခြင်း ဖြစ်သည်။ ရရှိလာသော အတိုးငွေများကို ကျေးရွာပိုင်ငွေအဖြစ် သတ်မှတ်ကာ ကျေးရွာလူထုအား ထပ်မံထုတ်ချေးခြင်း (သို့မဟုတ်) ကျေးရွာလုပ်ငန်းများတွင် ကျေးရွာသဘောတူညီချက်ဖြင့် သုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## မြစိမ်းရောင်စီမံကိန်း ကျေးရွာရွေးချယ်ခြင်း

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို သက်ဆိုင်သူများအားလုံး ပါဝင်၍ အောက်ပါညွှန်းကိန်းများအပေါ်အခြေခံပြီး ကျေးရွာများကို ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ခဲ့သည်-

(၁) ဆင်းရဲသောကျေးရွာ၊

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ကျေးရွာ၊

(၃) တရားဥပဒေစိုးမိုးခြင်း၊

(၄) ကျေးရွာသူ/ကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု (ကျေးရွာများမှ စီမံကိန်းဆောင်ရွက်ရန် လိုလားစွာ တင်ပြတောင်းဆိုမှု)၊

(၅) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှု၊

(၆) အိမ်ခြေအနည်းဆုံး ၈၀ နှင့် အထက်ရှိသောကျေးရွာ၊ (အကယ်၍ အိမ်ခြေ ၈၀ အောက်လျော့နည်းပါက အုပ်ချုပ်မှု လွယ်ကူသည့် နီးစပ်ရာကျေးရွာများနှင့် ပေါင်းစပ်ဖွဲ့စည်းရမည်။)

ရန်ပုံငွေသတ်မှတ်ရာတွင် စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ၏ အိမ်ခြေအပေါ်မူတည်ပြီး လေးမျိုးခွဲခြားထားသည်။ အိမ်ခြေ ၁၀၁ အိမ်နှင့်အထက်ကို ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၁ အိမ်နှင့် ၁၀၀ ကြားကို ကျပ်သိန်း ၂၀၀၊ အိမ်ခြေ ၅၀ နှင့်အောက်ကို ကျပ်သိန်း ၁၀၀ နှင့် အိမ်ခြေ ၈၀ အောက်လျော့နည်းသော ကျေးရွာများကို စုစည်းဆောင်ရွက်၍ ကျပ်သိန်း ၃၀၀ ဖြင့် ရန်ပုံငွေခွဲတမ်း သတ်မှတ်ဆောင်ရွက်သည်။ ရွေးချယ်ထားသည့် မြစိမ်းရောင်ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ရန်ပုံငွေမှ (အရင်းမပျောက်လည်ပတ်ရန်ပုံငွေ)ကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် စီမံကိန်းကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောတူဆန္ဒမဲစနစ်ဖြင့် ရွေးချယ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပြီး ကျေးရွာအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းရှင်ဖွင့်လှစ်၍ ချေးငွေထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်း၊ စီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲခြင်းကို ဆောင်ရွက်ရာတွင် အတိုးနှုန်းကို ငွေကျပ် ၁၀၀ အတွက် တစ်လလျှင် ပြား ၅၀ နှုန်းမှ ၁ ကျပ် ပြား ၅၀ နှုန်းအတွင်း ကျေးရွာသူ ကျေးရွာသားများ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ထုတ်ချေး၍ ကျေးရွာအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တိုးပွားစေသည်။

ကျေးလက်နေပြည်သူများလက်ဝယ်သို့ မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေများ လျင်မြန်စွာရရှိစေရေး၊ ဘဏ်ငွေထုတ်ကန့်သတ်ချက်နှင့် သွားလာရေးအခက်အခဲများ ပြေလည်စေရေးအတွက် ချေးငွေကောက်ခံခြင်း၊ ပြန်လည်ထုတ်ချေးခြင်းများကို ကျေးရွာအဆင့်၌ မြစိမ်းရောင်စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းပြီး ထုတ်ချေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

## မြစိမ်းရောင်စီမံကိန်းကျေးရွာများ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၅၂၈၃ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၆၁၆ ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၀၂၂ ရွာ၊ ၂၀၁၈ ခုနှစ် ခြောက်လ ဘတ်ဂျက် (ဧပြီလမှ စက်တင်ဘာလအထိ) တွင် ကျေးရွာ ၂၃၅ ရွာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၉၄၅ ရွာ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၅၇၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၉၄၅ ရွာ စုစုပေါင်းကျေးရွာ ၁၂၆၁၆ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

## ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်နိုင်မှု

လက်ရှိတွင် မြစိမ်းရောင်စီမံကိန်းကျေးရွာနေပြည်သူများက စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၇၆၃၁၂၉ စု၊ မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၄၁၅၈၉၀၊ ရေလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၃၅၉၀၆ စု၊ မီးလင်းရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၉၀၊ ကုန်ထုတ်လုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၁၁၁၇၉၁ စု၊ အရောင်းအဝယ်လုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ ၁၀၁၉၉ စု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၄၃၅၂၉ စု၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၄၀၁၈ စုဖြင့် ဆောင်ရွက်လျက်ရှိသည်။

## စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

စီမံကိန်းကာလ သုံးနှစ်ပြည့်မြောက်ပြီး စတုတ္ထနှစ် (သို့မဟုတ်) အတိုးရငွေ စုစုပေါင်း ကျပ် ၁၀ သန်းနှင့်အထက် ရရှိလျှင် အတိုးရငွေ ၅၀ ရာခိုင်နှုန်းကို ပြန်လည်ထုတ်ချေးပြီး ကျန် ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး ၁၇ ခုတို့တွင် စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် (၁၂/၂၀၂၃) လအထိ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ လမ်း တံတားလုပ်ငန်းဆောင်ရွက်မှု ၂၅၂၆ ခု၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှု ၃၅၀၊

*စာမျက်နှာ ၁၇ သို့*

# ကျွန်းစုမြို့နယ်၌ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းဖွင့်



အဆင့်ဆင့်များ စသည်တို့ကို သင်တန်းနည်းပြ ၁၃ ဦးက သင်တန်းသား ၃၅ ဦး၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၅၁ ဦးကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

**ကျွန်းစု ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလတွင် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တနင်္သာရီရေတပ်စခန်းဌာနချုပ်တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) ကို ရက်သတ္တလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီရေတပ်စခန်းဌာနချုပ် တနင်္သာရီခန်းမ၌ ကျင်းပသည်။

ဦးစွာ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်လင်းဇော်က အမှာစကားပြောကြားပြီး သင်တန်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၁၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး အခြေခံစစ်ရေးပြ၊ အခြေခံရေကူး၊ ရေကြောင်းဝေါဟာရများအကြောင်း၊ ရေတိုင်းကြိုးအမျိုးအစားများ၊ ကြိုးနှင့်ကြိုးအသုံးပြုပုံများ၊ ရေယာဉ်မောင်းနှင်မှုဆိုင်ရာများ၊ ရေကြောင်းလမ်းညွှန်အဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ အချက်ပြဆက်သွယ်ရေး၊ မြန်မာ့လက်ရိုက် အလံအချက်ပြမှုတည်ဥပဒေသများ၊ အခြေခံလှေလှော်ရွက်တိုက်တွင် လှော်ခတ်နည်းစနစ်များ၊ လှေပေါ်တွင် လှော်ခတ်နည်းစနစ်များ၊ ရွက်လွှင့်ပုံအဆင့်ဆင့်များ စသည်တို့ကို သင်တန်းနည်းပြ ၁၃ ဦးက သင်တန်းသား ၃၅ ဦး၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၅၁ ဦးကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

---

*စာမျက်နှာ ၁၆ မှ*

မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှု ၁၀၆၈ ခု၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်မှု ၁၅၃ ခု၊ စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်နိုင်မှု ၁၃ ခု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှစ်ခု၊ ကျေးရွာခန်းမဆောင် ဖွင့်လှစ်နိုင်မှု ၁၅၇ ခုနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု ၃၀၈ ခု ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပြည်သူလူထုက ထည့်ဝင်သည့်ငွေဖြင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ ပြည်သူလူထုသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ယုံကြည်သည့်အပြင် မိမိတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အသိစိတ်၊ တာဝန်သိစိတ်ကို ဖော်ထုတ်ပြသလိုက်ခြင်းပင် ဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် ကျေးရွာလူထု၏ စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းဆောင်ရွက်တတ်လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာခြင်းပင်ဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ အိမ်ထောင်စုပေါင်းများစွာကို အကျိုးပြုလျက်ရှိပြီး ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများရရှိလာခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အကြွေးဝန်ထုပ်ဝန်ပိုး လျော့ကျလာခြင်း၊ တိုးပွားလာသောငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများ ဖွံ့ဖြိုးလာခြင်း၊ အသိဉာဏ်နှင့် ဗဟုသုတများတိုးပွားလာခြင်း၊ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုမြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။ ထို့ပြင် ပြည်သူများသည်လည်း မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ "ကျေးရွာစိတ်ဓာတ်" ဆောင်ပုဒ်ပါအတိုင်း "တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တို့အားလုံးတွင် တာဝန်ရှိသည်၊ စည်းလုံးညီညွတ်ပါ၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပါ၊ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ် မွေးမြူပါ၊ မိမိကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်လိုစိတ် မွေးမြူပါ၊ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပါ၊ အကျိုးရှိစွာ အသုံးပြုပါ" ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်များ ပြည့်ဝသည့် ကျေးရွာသူ ကျေးရွာသားများ ဖြစ်လာကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ခြင်း၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေခြင်းနှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေမည်မှာ မလွဲကေန်ပင် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

❖ ❖ ❖

---

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကို ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလ ကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**













---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

---

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# သုံးခွမြို့နယ်၌ ဆောင်းသီးထပ်သီးနှံမြေပဲ အောင်မြင်စွာရိတ်သိမ်းပြီးစီး



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်၌ ယခုနှစ်ဆောင်းသီးထပ်သီးနှံ စိုက်ပျိုးရာသီချိန်တွင် ဒေသခံတောင်သူများအနေဖြင့် ဝင်ငွေတိုးပွားစေရေးနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဆောင်းသီးနှံတစ်မျိုးဖြစ်သော မြေပဲသီးနှံကို စိုက်ပျိုးကြကြောင်း၊ မြေပဲသီးနှံကို တစ်မြို့နယ်လုံး အတိုင်းအတာအနေဖြင့် ၂၀၂၃ –၂၀၂၄ ဘဏ္ဍာနှစ်၌ စိုက်ပျိုးဧက ၆၈၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

သုံးခွမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးမှုအဆင်ပြေခြင်းနှင့် စိုက်ပျိုးမြေကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စီးပွားဖြစ်လုပ်ကိုင်လျက်ရှိရာ လက်ရှိအချိန်တွင် ပုလဲ၊ သိုက်တူးကန်၊ မြို့မပုဂံတောင်၊ ဘုရားကြီး၊ အောင်ပန်းစိန် စသည့်ကျေးရွာများတွင် စိုက်ပျိုးထားသည့် မြေပဲစိုက်ခင်းများအားလုံး အောင်မြင်စွာ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၄၇ ဒသမ ၃၆ တင်း ထွက်ရှိပြီး ယခုနှစ် မြေပဲစိုက်ဧကမှာ လျာထားစိုက်ပျိုးဧကထက် ပိုမို၍စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သုံးခွမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူအများစုသည်ဆောင်းသီးထပ်မြေပဲသီးနှံများကို မြေပဲတောင့်အနေဖြင့် ရောင်းချခြင်းမရှိဘဲ ဆီစက်များတွင် ဆီကြိတ်ခွဲ၍ ဒေသခံစားသုံးသူပြည်သူများအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**DOCA (ရန်ကုန်)**

# ဘားအံမြို့၌ ဈေးကောင်းရနေသော သံပရာသီး

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် သံပရာသီး၊ ရှောက်သီးများကို အများဆုံး စိုက်ပျိုးကြပြီး ဘားအံမြို့အနီးရှိ ကျေးရွာများတွင် သံပရာသီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ဘားအံမြို့ဈေးကွက်တွင် နွေရာသီပေါ် သံပရာသီးများ ဈေးကောင်းရလျက်ရှိကြောင်း၊ ဘားအံမြို့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော သံပရာသီးများမှာ ဘားအံမြို့အနီးရှိ ကျေးရွာများနှင့် ကြာအင်းဆိပ်ကြီး၊ မော်လမြိုင်၊ ရေးမြို့များမှ ဖြစ်ကြောင်း၊ မြန်မာသံပရာသီးအိတ်ကြီး တစ်အိတ်လျှင် အလုံးရေ ၁၆၀၀ မှ ၁၇၀၀ အထိပါရှိပြီး တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ – ၅၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မြန်မာသံပရာသီး အလုံးချောအကြီးတစ်လုံးလျှင် ငွေကျပ် ၆၀၀ – ၇၀၀ ဖြင့်လည်းကောင်း၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ ယိုးဒယားမျိုးစပ်သံပရာသီး အလုံးချောအကြီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၄၀၀ ဖြင့်လည်းကောင်း၊ အသေးတစ်လုံးလျှင် ငွေကျပ် ၃၀၀ – ၃၅၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ သံပရာသီး စိုက်ပျိုးတောင်သူများအနေဖြင့် ယခုနှစ်တွင် သံပရာသီးဈေးနှုန်းကောင်းမွန်ပြီး တွက်ချေကိုက်၍အဆင်ပြေလျက်ရှိကြောင်း သိရသည်။



**DOCA (ကရင်)**

# မုဒုံမြို့တွင် ဒူးရင်းသီးများ စတင်ထွက်ရှိပြီး ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများအဆင်ပြေ

မွန်ပြည်နယ်သည် လယ်ယာသီးနှံဥယျာဉ်ခြံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ရာ နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော ဒူးရင်းသီးများစိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ဒူးရင်းသီးများ စတင်ထွက်ပေါ်နေပြီဖြစ်ရာ လူကြိုက်များသည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

### ကိုင်းဆက်၊ ကိုင်းကူးနည်းများဖြင့် စိုက်ပျိုး

မုဒုံမြို့၌ ဒူးရင်းသီးစိုက်ပျိုးရာတွင် ဒူးရင်းပင် အမျိုးအစား ၂၀ ခန့် စိုက်ပျိုးကြပြီး စိုက်ပျိုးသည့်မျိုးအနေဖြင့် မွန်ထောင်း၊ ချန်းနီ၊ မလေးမျိုး (မူဆန်ကင်း)၊ ယိုးဒယားမျိုးများကို ပျိုးပင်များနှင့် ကိုင်းဆက်၊ ကိုင်းကူးနည်းများဖြင့် အဓိကထား၍ အများအပြား စိုက်ပျိုးကြကြောင်း၊ ဒူးရင်းပင်ကိုင်းဆက်မျိုးများကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးများစတင်ထွက်ရှိပြီး စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ဒူးရင်းပင် အပင်တန်းကြား ပေ ၃၀ ပတ်လည် စိုက်ပျိုးမည်ဆိုပါက အပင်ရေ ၄၈ ပင်ကိုလည်းကောင်း၊ ၂၅ ပေပတ်လည် စိုက်ပျိုးမည်ဆိုပါက အပင်ရေ ၇၀ ခန့်ကိုလည်းကောင်း စိုက်ပျိုးနိုင်ကြောင်း၊ အပင်များ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရန် ပြုလုပ်ခြင်းနှင့် သဘာဝဓာတ်မြေဩဇာများထည့်သွင်းခြင်းလုပ်ငန်းများကို စနစ်တကျပြုလုပ်ရန် လိုအပ်ကြောင်း၊ ဒူးရင်းမျိုးကောင်း တစ်ဧက စိုက်ပျိုးခြင်းဖြင့် တစ်နှစ်လျှင် ဝင်ငွေကျပ်သိန်း ၁၀၀ ကျော် ရရှိနိုင်ကြောင်း၊ ယခုအခါ၌ ဒူးရင်းသီးများ စတင်ထွက်ပေါ်ချိန်တွင် ဒူးရင်းအမျိုးအစားပေါ်မူတည်၍ တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀၀ အထက် ရရှိနေကြောင်း မုဒုံမြို့နယ် ဘဲရမ်းကျေးရွာမှ ဒူးရင်းသီးစိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

### ကြိုးပမ်းဆောင်ရွက်

မုဒုံမြို့နယ်ဒေသထွက် ဒူးရင်းမျိုးကောင်း၊ မျိုးသန့်များကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ဒူးရင်းမျိုးများကို သုတေသနပြုစိုက်ပျိုးထားရှိခြင်း၊ သစ်သီးဝလံ သုတေသနစိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံသို့ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**DOCA (မွန်)**

### ၂၂.၄.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၄၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၉၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၈၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၃၅၀၀ | ၁၁၅၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၇၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၇၀ | ၅၀၀၀ | ၂၇၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၁၇၅ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၈၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၆၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၃၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။









# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ (အောက်ဝဲပုံ) တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၆၀၀၀၊ Carib-bean နှင့် Sun Smile စားပွဲတင်လျှပ်စစ်ပန်ကာ ၇၅ လုံးအပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း။



ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၆၄ တန်၊ သစ်မာ ၀ ဒသမ ၆၅၆ တန်နှင့် အခြားသစ် ၂ ဒသမ ၂၅၁ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၆၈၇၄၅)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၁၈၇၄၅) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၂၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၁၈၇၄၅)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရိုးယာ(၀ဒသမ၀၅၅)ဧကေ၊ မြေကွက်အမှတ်(ဥ-၇၃၇၈)၊ ဒေါ်သင်းပျံ့သီတာကျော် (ဘ)ဦးကျော်ညွန့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်သင်းပျံ့သီတာကျော် ၉/မထလ(နိုင်) ၀၀၉၁၅၆(ဘ)ဦးကျော်ညွန့်မှ ဒေါ်အေးမို့မို့သူ ၉/ပဘန(နိုင်) ၁၅၈၄၄၇(ဘ)ဦးကျော်မင်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/43324 Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဦးရှိန် ၁၄/ပသန(နိုင်)၂၉၄၅၁၂ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၄)၊ လေတပ်လမ်း၊ ဦးပိုင်အမှတ်(၅၁-ဇ)၊ အကွက်အမှတ်နှင့်အမည်(၈-ခ)နေ ဒေါ်စိုးစိုးနိုင် ၉/မထလ(နိုင်) ၂၀၂၇၇၉မှ (အလျား ၂၀'-၀"xအနံ ၃၅'-၀")SteelStructure(၁)ထပ်သွပ်မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့**

စာပေမြင့်မှ လူမျိုးတင့်မည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by MPE www.moi.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၄-၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၅၀ ကျပ် | ၂၈၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၆၀ ကျပ် | ၃၀၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် မြေစီမံခန့်ခွဲရေးကိစ္စများအား အသိပညာပေးရှင်းလင်းပွဲကို မေ ၂၁ ရက်က ခရမ်းကိုင်းကျေးရွာအုပ်စုတွင် တောင်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးစဉ်။ဝေကြည်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၃၁၈ | ၂၇၉၃၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၄၈၇ | ၁၄၁၂၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၂၂၂၄ | ၃၂၃၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၆ | ၁၆၅၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၀၅ | ၁၇၈၅၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၈၀ | ၈၁၉၈၀၀ |
| MAEPC | ၂၁၀၀ | ၂၀၅၀ | ၉၆၂ | ၁၉၉၀၈၅၀ |

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-(မြန်မာကျပ်ငွေဖြင့်သာ)

၂။ Lot ( 1 ) (ရုံးသုံးစက်ကိရိယာပစ္စည်း)

| | | |
|---|---|---|
| (က) | Aircon(1.5 HP) | 3-Nos |
| (ခ) | Aircon( 2 HP ) | 3-Nos |
| (ဂ) | Desktop Computer | 8-Nos |
| (ဃ) | Laptop Computer | 5-Nos |
| (င) | Digital Multi Fuction Copier (with Feeder N 702) | 1-No |
| (စ) | Colour Copier | 1-No |
| (ဆ) | Printer | 6-Nos |

၃။ Lot ( 2 ) (စက်ကိရိယာပစ္စည်း)

| | | |
|---|---|---|
| (က ) | Tyre for push back(50 tons) | 4-Nos |
| ( ခ ) | Tyre for push back (25 tons) | 2-Nos |
| (ဂ) | Baggage Tractor | 1-No |
| (ဃ) | Headset | 10-Nos |
| (င) | Crane ( 10 ton) | 1-No |
| ( စ) | 220 KVA မီးစက် | 1-No |

၄။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄ - ၅ - ၂၀၂၄ ရက်

၅။ **တင်ဒါလျှောက်လွှာ နောက်ဆုံးပေးပို့ရမည့်ရက်** - ၁၅ - ၅ - ၂၀၂၄ ရက်

၆။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၂၄ - ၅ - ၂၀၂၄ ရက်

၇။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**ဈေးနှုန်းစိစစ်ဝယ်ယူရေးကော်မတီ**
**ဖုန်း-၀၉-၄၃၀၃၉၁၇၀ ၊ ၀၉-၅၀၇၀၉၃၅**

## စစ်ကိုင်းတိုင်းဒေသကြီး
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း(၃)မျိုးအတွက် တင်ဒါခေါ်ယူသွားမည်ဖြစ်၍ စိတ်ပါဝင်စားသော အစိုးရအသိအမှတ်ပြုနိုင်ငံသား ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကသာမြို့နယ် ရောရွှေလီ အားကစားခန်းမ အမိုးများ ပြန်လည်ပြုပြင်ခြင်း

(ခ) ကလေးမြို့နယ် အားကစားကွင်း(၄၂၈)ပေ အုတ်တံတိုင်း ကာရံခြင်းလုပ်ငန်း

(ဂ) ကလေးဝမြို့နယ် အားကစားကွင်း မြေထိန်းနံရံ (၆၀'x၁၂')တည်ဆောက်ခြင်း

(၂) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၄ရက်မှ ၉-၅-၂၀၂၄ရက်ထိ

(၃) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် နေ့ရက်/နေရာ/အချိန်** - ၁၅-၅-၂၀၂၄ရက် စစ်ကိုင်းတိုင်းဒေသကြီးအား/ကာရုံး (ရုံးချိန်အတွင်း)

(၄) **ဆက်သွယ်ရန်ဖုန်း** - ၀၇၁-၂၂၉၁၃

**အောင်ဇော်လွင် ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ မုံရွာမြို့**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး
## တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တနင်္သာရီမြို့နယ်နှင့် ကော့သောင်းမြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်တို့ဖြင့်အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(Lot - 1) နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (မလိဝမ်း) တွင် အစေးကြိတ်စက်ရုံ (၆၀'x၃၀'x၁၅') Steel Structure ( သွပ်မိုး၊ကွန်ကရစ်ခင်း (၃')အမြင့် အုတ်ရိုး နှင့်သံဇကာ (၁) လုံး တည်ဆောက်ခြင်း။

(Lot - 2) နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (ညောင်ပင်ကွင်း) တွင်ရော်ဘာအခြောက်ခံအဆောက်အအုံ(၁၈'x၁၀၀'x၁၅') Steel Structure (၁) လုံးတည်ဆောက်ခြင်း၊

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား (၂၃-၄-၂၀၂၄) ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး (၆-၅-၂၀၂၄) ရက်(၁၆:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်း နှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့၊ဖုန်း ၀၉-၄၄၄၄၂၅၄၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ မှတ်ချက်။ တင်ဒါဖွင့်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တိုက်ကြီးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၄-၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုက်ကြီးခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းနိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်း ဦးစီးဌာန၊ တိုက်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာ သင်ပုန်းတွင်(၂၆-၄-၂၀၂၄) ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်** - ၂၆-၄-၂၀၂၄ရက်(သောကြာ နေ့) (ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့

၄။ **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၇-၅-၂၀၂၄ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း)

၅။ **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ၉-၅-၂၀၂၄ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ

၆။ **တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့

၇။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ တိုက်ကြီး ခရိုင်၊ တိုက်ကြီးမြို့၊ ဖုန်း-၀၅၅-၂၂၂၀၀၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ
## တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် (e-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ် မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

